# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ – ၂၂၁)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းတော့မည့် မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လာအို၊ သီရိလင်္ကာ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီးနိုင်ငံ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံရုံးများမှ စစ်သံမှူးများ၊ သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ယနေ့ကျရောက်သည့် သင်္ကြန်အကြတ်နေ့၌ နေပြည်တော်မြို့တော်ဝန်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြပြီး မြန်မာ့ရိုးရာအတာသင်္ကြန်


*စာမျက်နှာ ၄ ကော်လံ ၁* ❑




မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။




**ယနေ့ ဖတ်စရာ**

**နှစ်သစ်မှာ စိတ်သစ်ဖြင့် အကျိုးကောင်းစေရန် အကြောင်းကောင်းများ ဖြစ်ပါစေ ...** — ဆောင်းပါး စာ ၁၆

**သင်္ကြန်အကြိုရက်မှစတင်၍ ပုဂံသို့ ခရီးသွားဧည့်သည် တစ်သိန်းကျော် နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိ** — ပြည်တွင်းသတင်း စာ ၁၈

**စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း မေလတွင် ရာထူးမှ နုတ်ထွက်ပြီး ဆက်ခံသူအား အပြည့်အဝထောက်ခံရန် တောင်းဆို** — နိုင်ငံတကာသတင်း စာ ၂၃






မဟာသင်္ကြန်အကြတ်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။

**အတာရေသဘင်ပွဲတော်ကို ဆင်နွှဲ**

မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် ဇေယျာသီရိရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေကြရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ စစ်သည်/မိသားစုများနှင့်အတူ ကြည့်ရှုအားပေးပြီး အတာရေသဘင်ပွဲတော်ကို အတူတကွဆင်နွှဲကြပြီး သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း အိမ်ထောင်သည်လိုင်းများအနီးရှိ စိန်ပန်းမိသားစု ရေကစားမဏ္ဍပ်နှင့် မန်ကျည်းရိပ်မိသားစု ရေကစားမဏ္ဍပ်တို့၌လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ ရေကစားမဏ္ဍပ်များတွင် စတုဒိသာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြသည်။

**သွားရောက်ကြည့်ရှုအားပေး**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ် အသီးသီးတို့၌ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အတာသင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပါဝင်ဆင်နွှဲကြသည်။



**ဂုဏ်ပြုဆုငွေများပေးအပ်**

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲ ဆင်နွှဲကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်နှင့် ရေပန်းဥယျာဉ်၊ လေှခွင်းတောင်အပန်းဖြေစခန်း၊ ရန်ကုန်လမ်းလျှောက်သင်္ကြန်၊ မန္တလေးလမ်းလျှောက်သင်္ကြန်တို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အထင်ကရနေရာများ၌ လာရောက်အပန်းဖြေအနားယူနေသော ပြည်သူများဖြင့်စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်ရောင်းချနေသော ဈေးဆိုင်များဖွင့်လှစ်ထားရှိကာ စည်ကားသိုက်မြိုက်လျက်ရှိသည်။

**စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံ**

ယင်းအပြင် ရေသဘင်ပွဲဆင်နွှဲကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ပျော်ရွှင်စွာရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မဟာသင်္ကြန်အကြတ်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။

❑ *ရှေ့ဖုံးမှ*

ပွဲတော်ကို ပါဝင်ဆင်နွှဲရန် နေပြည်တော်မြို့တော်ဝန် ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သပြေခက်ဖြင့် အတာရေပက်ဖျန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ တာဝန်ရှိသူများက ဝန်ကြီးဌာနကိုယ်စားပြုယိမ်းအဖွဲ့များ၊ နိုင်ငံကျော် အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K-Pop အဆိုတော်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြသည်။

**ပျော်ရွှင်စွာကခုန်ဆင်နွှဲ**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက "သင်္ကြန်မိုး" တေးသီချင်းဖြင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Tavrida. art အနုပညာအဖွဲ့မှ အနုပညာရှင်များအဖွဲ့က တေးသီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြရာ တက်ရောက် လာကြသူများက မြူးကြွသည့် တေးသီချင်းသံစည်စည်းချက်များနှင့်အတူ ပျော်ရွှင်စွာကခုန်ဆင်နွှဲကြသည်။

**စုပေါင်းပါဝင်ဆင်နွှဲ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံ ဧရိယာအထိကျင်းပသည့် နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ ရောက်ရှိကြရာ ဝန်ကြီးဌာနအလိုက် ရေကစားမဏ္ဍပ်များမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လာရောက် လည်ပတ်ကြသည့် ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။




မဟာသင်္ကြန်အကြတ်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးတို့ နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ဉာဏသိဒ္ဓိမိသားစု ရေကစားမဏ္ဍပ်၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်တို့သို့ သွားရောက်ပြီး ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်သို့ သွားရောက်၍ နေပြည်တော်မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ အတူတကွပါဝင်ဆင်နွှဲကြပြီး ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ

*စာမျက်နှာ ၅ သို့*




နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးတို့ နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။







ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးတို့ ကိုရီးယားနိုင်ငံမှ K-Pop အဆိုတော်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E.Mr. J. M. Janaka Priyantha Bandara



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tavrida. art အနုပညာအဖွဲ့မှ အမျိုးသမီးတေးသံရှင် လုဘာ

*စာမျက်နှာ ၄ မှ*

သီရိလင်္ကာသံအမတ်ကြီး H.E.Mr. J. M. Janaka Priyantha Bandara က "မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲခွင့်ရတာ ဒုတိယအကြိမ် ဖြစ်ပါတယ်။ အခုလိုပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက် ပျော်ရွှင်မိပါတယ်။ မြန်မာ့နှစ်သစ်ကူး အခါသမယကစပြီး မြန်မာအစိုးရနဲ့ ပြည်သူအပေါင်း ပျော်ရွှင်မှုတွေ၊ အောင်မြင်မှုတွေ ရရှိပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်" ဟု ပြောကြားသည်။

နေပြည်တော် မြို့တော်ဝန်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင် သီဆိုဖျော်ဖြေခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Tavrida. art အနုပညာအဖွဲ့မှ အမျိုးသမီးတေးသံရှင် လုဘာက "ကျွန်မက မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဒုတိယအကြိမ် ပါဝင်ဆင်နွှဲခြင်းဖြစ်ပြီး အခုလိုပါဝင်ခွင့်ရတဲ့အတွက် ကြည်နူးပျော်ရွှင်ရပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ပျော်ခဲ့ရပါတယ်။ အခုက နောက်ထပ်နှစ်တစ်နှစ် ကူးပြောင်းသွားပြီဖြစ်တဲ့အတွက် ခံစားမှုအသစ်တွေ၊ အတွေ့အကြုံသစ်တွေလည်း ရရှိပါတယ်။ မြန်မာပြည်သူတွေ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေတာ မြင်ရတာ ကျေနပ်စရာကောင်းပါတယ်။ ရုရှားနိုင်ငံနဲ့ မတူတဲ့ နှစ်သစ်ကူးအတွေ့အကြုံသစ်တွေ ရရှိပါတယ်" ဟုပြောသည်။ **သတင်းစဉ်**



နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ နိုင်ငံခြားသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကြတ်နေ့ တက်ရောက်ချီးမြှင့်

**ဟိုပုံး မေ ၁၅**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဇနီးတို့ တက်ရောက် ချီးမြှင့်ပေးကြသည်။

ဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို အတာရေ ပက်ဖျန်းပေးကြပြီး တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ယိမ်းအဖွဲ့များ၊ နိုင်ငံကျော် အဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း အရာရှိဇနီး ယိမ်းများက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ဖျော်ဖြေနှုတ်ဆက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ယိမ်းအဖွဲ့များကို အတာရေပက်ဖျန်းပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်၌ အတာရေသဘင်ပွဲပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရေကစားမဏ္ဍပ်ဖြင့် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ ရေကစားခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး သင်္ကြန်အကြတ်နေ့ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ခင်ပွန်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ (ယာပုံ)

**ပျော်ရွှင်စွာပါဝင်ဆင်နွှဲ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယိမ်းအကအဖွဲ့မှ သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေခြင်းကို ကြည့်ရှုအားပေးပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များကို အတာသင်္ကြန်ရေပက်ဖျန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ခင်ပွန်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ဝန်ထမ်းမိသားစုများနှင့်အတူ ရေပက်ကစားပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကာ တက်ရောက်လာကြသော ဧည့်ပရိသတ်များကို မြန်မာ့ရိုးရာ အစားအစာများဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ကို ဒေသခံပြည်သူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့ ပါဝင်ဆင်နွှဲ

**ပဲခူး ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ၁၃၈၅- ၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့သည် မဟာသင်္ကြန်အကြတ်နေ့ကို ဒေသခံပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဗဟိုမဏ္ဍပ်သို့ ရောက်ရှိလာခဲ့ပြီး ကျောက်ကြီးစုရပ်ကွက်၏ "နှစ်ဦးတန်ခူးမေ" ယိမ်းအဖွဲ့၊ နန်းတော်ရာရပ်ကွက်၏ ယိမ်းအဖွဲ့၊ သယံဇာတရေးရာ ဝန်ကြီးဌာန၏ "စိမ်းလန်းမေ" ယိမ်းအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန "ပိတောက်ပျိုမေ" ယိမ်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ "ဟံသာပျိုမေ" ယိမ်းအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ "နှစ်သစ်ပျိုမေ" ယိမ်းအဖွဲ့နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ "သင်္ကြန်မေ" ယိမ်းအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများနှင့် နိုင်ငံကျော် အဆိုတော်များ၏ ခေတ်ပေါ်တေးဂီတ ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပဲခူးမြို့၌ လွှတ်တော်ရုံးရှေ့ ရေကစားမဏ္ဍပ်၊ ပြင်စည်ဈေးရှိ ရေကစားမဏ္ဍပ်၊ ဥဿာ(၇) ရပ်ကွက် ရေကစားမဏ္ဍပ်၊ ခေါင်းဆေးကျွန်းရေကစားမဏ္ဍပ်၊ လိပ်ပြာကန်ရေကစားမဏ္ဍပ်များ၌ အများပြည်သူများ လွတ်လပ်ပျော်ရွှင်အေးချမ်းစွာ ရေကစားလျက်ရှိပြီး လမ်းတစ်လျှောက် ရေပက်ခံကားများနှင့် စည်ကားလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ လမ်းလျှောက်သင်္ကြန်အတွင်း စတုဒိသာ (ထမင်း+ဟင်း)၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ မဏ္ဍပ်များမှ မြန်မာမုန့်အမျိုးမျိုးတို့ကို နေ့စဉ်ကျွေးမွေးလျက်ရှိပြီး ဗဟိုမဏ္ဍပ်၌လည်း နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်ပေးနေမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အေးချမ်းပျော်ရွှင်စည်ကားစွာ အတာရေသဘင်ပွဲ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော်၌ ရေကစားကြသူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၅**

၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် အခါသမယတွင် မြန်မာ့ရိုးရာဓလေ့ထုံးစံအရ နှစ်သစ်ကူး အတာသင်္ကြန်ပွဲကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ အပန်းဖြေနိုင်ရန် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်သို့ လာရောက်လည်ပတ်သူ မဟေမာန်ကို က "သင်္ကြန်ရောက်ပြီဆိုရင် အလုပ်တွေ ခဏနား၊ အပန်းဖြေလည်ပတ်ပျော်ရွှင်တာရှိသလို ဘုရားကျောင်းကန်သွားပြီး ကုသိုလ်ဘာဝနာပြုတဲ့သူလည်း ရှိပါတယ်။ တစ်နှစ်မှာ တစ်ခါပဲ ဆင်နွှဲခွင့်ရတဲ့ အတာသင်္ကြန်ပွဲတော်ကို သူငယ်ချင်းတွေနဲ့အတူ လာရောက်ပါဝင်ဆင်နွှဲတာပါ။ မြို့တော်ဝန်မဏ္ဍပ်မှာဆိုရင် နိုင်ငံကျော်အနုပညာရှင်တွေ၊ K-Pop အဆိုတော်တွေ၊ ရှရှားအနုပညာရှင်များက မြူးကြွတဲ့ တေးသီချင်းများနဲ့ သီဆိုဖျော်ဖြေပေးပြီး သင်္ကြန်ယိမ်းအဖွဲ့တွေကလည်း ညီညာလှပစွာ ကပြဖျော်ဖြေမှုတွေကို မြင်တွေ့ခွင့်ရတဲ့အတွက် အရမ်းပျော်ဖို့ ကောင်းပါတယ်။ စတုဒိသာမဏ္ဍပ်မှာ မြန်မာ့ရိုးရာအစားအစာတွေနဲ့ ကျွေးမွေးဧည့်ခံပါတယ်။ နောက်နှစ်တွေမှာလည်း သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စရာကောင်းအောင်၊ ရိုးရာမပျက်အောင်နဲ့ စည်ကားအောင် ကျင်းပပေးစေလိုပါတယ်" ဟု ပြောသည်။

နံနက်ပိုင်းမှစတင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ သတ္တသတ္တာဟသံဝေဇနိယလေးဌာနစေတီ၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်ကြီး၊ လှေခွင်းတောင်ဘုရား၊ အခြားတန်ခိုးကြီး ဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားစခန်းများတွင် တရားဘာဝနာ ရှုမှတ်ပွားများကြသူများ၊ ရေသပ္ပာယ်ကြသူများ၊ ဆွမ်း၊ ရေချမ်း၊ ပန်း နှင့် ရွှေသင်္ကန်း လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့အတူ နေပြည်တော်အတွင်းရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ မဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ နေပြည်တော် မြို့တော်ဝန် ရေကစားမဏ္ဍပ်တို့တွင် နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များကလည်း ညီညာလှပသည့် ယိမ်းအကအလှများဖြင့် ပါဝင်ဖြည့်စွက် ကပြဖျော်ဖြေကြရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

အလားတူ သင်္ကြန်ချစ်သူများက နေပြည်တော် ကောင်စီနယ်မြေအတွင်း အထင်ကရနေရာများဖြစ်သော နေပြည်တော်ရေပန်းဥယျာဉ်၊ လှေခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် မင်္ဂလာကန်တော်တို့တွင် လာရောက်အပန်းဖြေ အနားယူကြသူများ၊ ရေကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။



မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန်နှင့် အပန်းဖြေကမ်းခြေစခန်းများ၌ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ်နှစ်တစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကို ရရှိစေရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့မပါလာစေရန်ရည်ရွယ်၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်အတာရေဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုလည်း ဖြစ်သည်။

**သတင်း - သန်းမင်းအောင်၊ ဟိန်းမင်းစိုး**

**ဓာတ်ပုံ - ကိုကျော်ကြီးနှင့်အဖွဲ့**






# ရန်ကုန်တစ်ခွင် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်တေးသွားတီးလုံးသံများ မိုးသို့ပျံ့လျက် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားများပြား

**ရန်ကုန် ဧပြီ ၁၅**

၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် မဟာသင်္ကြန်ပွဲတော်ကြီးကာလ မဟာသင်္ကြန်အကြိုနေ့နှင့် မဟာသင်္ကြန်အကျနေ့များတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များ၌ ရေသဘင်ပွဲတော်ဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်ရာ ယနေ့ မဟာသင်္ကြန်အကြတ်နေ့တွင်လည်း ပျော်ရွှင်စွာရေသဘင်ပွဲတော်ကို ဆင်နွှဲရန်အတွက် သင်္ကြန်ချစ်သူပြည်သူများ နံနက်ပိုင်းမှစတင်၍ မိမိတို့ပါဝင်ဆင်နွှဲမည့် ရေသဘင်ပွဲတော်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များရှိရာနေရာများသို့ မိသားစုအဖွဲ့လိုက်၊ မိတ်ဆွေသူငယ်ချင်း အဖွဲ့လိုက်ဖြင့် ရေသဘင်ပွဲတော်ကျင်းပရာနေရာများသို့ ရေပက်ခံကားများဖြင့် လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း ပျော်ရွှင်စွာဆင်နွှဲရန် စုရုံးရောက်ရှိလာကြသည်မှာ အထူးစည်ကားများပြားလျက်ရှိပေသည်။ ရေသဘင်ပွဲသို့ ရောက်ရှိလာသည့် သင်္ကြန်ချစ်သူပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့များက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ အကြတ်နေ့တွင် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းနှင့်ညနေပိုင်း အစီအစဉ်တွင် ရုံး၊ ဌာနနှင့် အခြားယိမ်းအဖွဲ့များ ဖျော်ဖြေခဲ့ကြပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ မြူးကြွအကအလှအပသင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ရေသဘင်ပွဲတော်ဆင်နွှဲကြသူ သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးတို့သည် ရေသဘင်ပွဲလာသင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် Royal Apex မဏ္ဍပ်တွင် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ယိမ်းအဖွဲ့များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် DJ အဖွဲ့တို့မှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်နှင့် Royal-Apex မဏ္ဍပ်အပြင် ဌာနဆိုင်ရာရေကစားမဏ္ဍပ် ၁၀ ခုနှင့် ဈေးဆိုင်တန်းများ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ စည်ကားစွာ နံနက်ပိုင်းမှ ညနေပိုင်းအထိ အတာရေသဘင်ဆင်နွှဲသူများ၊ ရေပက်ခံကားများနှင့် ဖျော်ဖြေပွဲကြည့်ရှုသူ သင်္ကြန်ချစ်သူပြည်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ ရောက်ရှိကြပြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးမှ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ယိမ်းအဖွဲ့များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်လမ်းလျှောက်သင်္ကြန် မဏ္ဍပ်တွင် ရုပ်ရှင်၊ ဂီတအဖွဲ့မှ အနုပညာရှင်များ၊ DJ အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုနှင့်အတူ ရောင်စုံထီးမိုးအောက်၌ လမ်းလျှောက်ပွဲလာ သင်္ကြန်ချစ်သူပြည်သူများက ပျော်ရွှင်ကြည်နူးလျက်ရှိကြသည်။ **(အပေါ်ယာပုံ)**

၁၃၈၅ ခုနှစ် မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်၌လည်း ဗုဒ္ဓသာသနာတော်ကြီးကမ္ဘာ့အနှံ့ပြန့်ပွားစေရန် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် မိဘပြည်သူများက ဒုလ္လဘရဟန်းခံပေးကာ သာသနာပြုပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြခြင်းတို့ကို ပြုလုပ်ကြပြီး အေးချမ်းသာယာလျက်ရှိသည်။

အလှူအတန်း၌လည်း လက်မတွန့်သူများဖြစ်သည့်အပြင် မဟာသင်္ကြန်တွင် အလှူရှင်များက ဘဲဥပဲကုလားထမင်း၊ ငါးခြောက်ကြော် ပဲကုလားဟင်း၊ မုန့်ဟင်းခါး၊ ရွှေတောင်ခေါက်ဆွဲ၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ်များဖြင့် မဏ္ဍပ်များ၊ ရပ်ကွက်၊ လမ်းများတွင် အလှူဒါနပြုကြပြီး နိုင်ငံကျော်တေးသံရှင် ဗိုဘာဟိန်း၏ သင်္ကြန်အလှူအတန်းပွဲတွင် မပါမဖြစ်သော ဒီရိပ်မှာ လာပါနားပါ မုန့်လုံးရေပေါ် စားပါစားပါ တေးသွားလေးကလည်း စားသုံးသူ သင်္ကြန်ချစ်သူပြည်သူများအတွက် ပျော်ရွှင်ကြည်နူးမဆုံးဖြစ်ရကြောင်း သိရသည်။

**တန်ခူးကိုဇော်**
**ဓာတ်ပုံ – ဇော်မင်းလတ်၊ ရဲထွဋ်**

# မဟာသင်္ကြန်(အကြတ်နေ့)တွင် မန္တလေးမြို့ရှိ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်များ၊ ဦးပိန်တံတားနှင့် တောင်သမန် မယ်ဇယ်လွင်ပြင် အပန်းဖြေစခန်းတို့၌ သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိ

**မန္တလေး ဧပြီ ၁၅**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်(အကြတ်နေ့)တွင် မန္တလေးမြို့ရှိ ပြည်သူများ ပိုမိုပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ဆောင်ရွက်ပေးထားသည့် မြန်မာ့ရိုးရာ လမ်းလျှောက်အတာအသင်္ကြန်များ၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် တောင်သမန်မယ်ဇယ်လွင်ပြင် အပန်းဖြေစခန်းတို့၌ လာရောက်အပန်းဖြေအနားယူကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

နံနက်ပိုင်းမှစတင်၍ သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူပြည်သူများသည် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်သို့ လာရောက်ကြပြီး နိုင်ငံကျော်တေးသံရှင်များ၏ အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုနှင့် ဝန်ကြီးဌာနနှင့် ဝါသနာရှင် ယိမ်းအကအဖွဲ့များ၏ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေမှုတို့ကို တပျော်တပါးအားပေး၍သင်္ကြန်ပွဲတော်ကို စိတ်အားတက်ကြွစွာ ဆင်နွှဲကြသည်။



ဦးပိန်တံတားနှင့် တောင်သမန်မယ်ဇယ်လွင်ပြင်အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေအနားယူကြသည့် သင်္ကြန်ချစ်သူပြည်သူများအား တွေ့ရစဉ်။

ထို့ပြင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ရှိ ပြည်သူများ ပိုမိုပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားသည့် ကျုံးတောင်ဘက်ခြမ်းရှိ လမ်းလျှောက်သင်္ကြန်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက်အတာသင်္ကြန်တို့၌လည်း ခေတ်လေးခေတ်၏ ဝတ်စားဆင်ယင်ဖန်တီးမှုများ၊ နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ယိမ်းအကအဖွဲ့များ၏ အကအလှဖျော်ဖြေမှုများ၊ DJ အစီအစဉ်များ၊ စတုဒိသာအကျွေးအမွေးများဖြင့် စီစဉ်ဆောင်ရွက်ထားရှိရာ လာရောက်အပန်းဖြေအနားယူကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည်။

အလားတူ မန္တလေးကျုံးမြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင်လည်း သင်္ကြန်ချစ်သူ မိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများစုပေါင်း၍ ရေစုပ်စက်များဖြင့် သင်္ကြန်ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါးပက်ဖျန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်နိုင်တစ်ပိုင်စုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထို့ပြင် ကျုံးပတ်လည်ရှိ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များသို့ မော်တော်ယာဉ်များဖြင့် ရေပက်ခံသွားလာနိုင်စေရေး ဆောင်ရွက်ပေးထားသည့်အတွက် ပျော်ရွှင်စွာ ရေပက်ခံကားများဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲနေကြသည့်လူငယ်များဖြင့် လည်းစည်ကားလျက်ရှိပြီး အဆိုပါနေရာများတွင် အများပြည်သူ လွတ်လပ်စွာ လမ်းလျှောက်သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ပေးကြသည်ကို တွေ့မြင်ရသည်။

ထို့အတူ မန္တလေးမြို့၏အထင်ကရနေရာများဖြစ်သော အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် တောင်သမန်မယ်ဇယ်လွင်ပြင်အပန်းဖြေစခန်းတို့၌ မိသားစုအလိုက်၊ သူငယ်ချင်းအစုအဖွဲ့အလိုက် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ တောင်သမန်အင်းအတွင်း ၎က်လှေစီး၍လည်းကောင်း၊ ဦးပိန်တံတားကြီးပေါ် လမ်းလျှောက်၍လည်းကောင်း၊ မယ်ဇယ်ပင်တန်းရှိရာ နေရာများ၌လည်းကောင်း၊ ဒေသထွက်ကုန်များရောင်းချရာ ဆိုင်တန်းများ၌လည်းကောင်း တပျော်တပါးမှာယူစားသောက်ကာ အပန်းဖြေအနားယူလျက်ရှိကြသည့်အပြင် အဆိုပါတောင်သမန်မယ်ဇယ်လွင်ပြင်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌လည်း ရေပက်ခံကာ သင်္ကြန်တေးသီချင်းများနှင့်အတူ မြူးတူးစွာ ကခုန်လျက်ရှိသည်ကို ပျော်ရွှင်ဖွယ်ရာ တွေ့မြင်ရသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများစိတ်လက်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# မဟာသင်္ကြန်အကြတ်နေ့ ပျော်ရွှင်ဆင်နွှဲ အတာရေသဘင်ပွဲ စည်ကားမှုမြင်ကွင်းများ

မဟာသင်္ကြန်အကြတ်နေ့ (ဧပြီ ၁၅ ရက်)တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့များ၌ မဟာသင်္ကြန်ပွဲတော်ကို ရေကစားကြသူများ၊ ရေပက်ခံထွက်သူများ၊ ရေကစားမဏ္ဍပ်များ၌ ဖျော်ဖြေမှုများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် စည်ကားမှုမြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားပျော်ရွှင်မှု။ ဓာတ်ပုံ-ကိုကျော်ကြီး



မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်အားကစားကွင်းရှေ့ ဗဟိုမဏ္ဍပ်။

ကျော်ဇေယျဝင်း(ကံမ)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ကမ်းခြေ၌ သင်္ကြန်ကာလ အပန်းဖြေသူများဖြင့် စည်ကား။

အေးအေးလတ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ဗဟိုမဏ္ဍပ်၌ ရေကစားသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် အထူးစည်ကား။ မြင့်ဇော် (ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ အင်းလေးရေပေါ်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲကြသူများအား တွေ့ရစဉ်။ စိုင်းအယ်ဘဲ



မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရေကစားကြသူများ။

မွန်မလေး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သင်္ကြန်မဏ္ဍပ်များ၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲမှုကို စည်စည်ကားကား တွေ့ရစဉ်။

မူမူ(ပြန်/ဆက်)



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့ ဘားအံမြို့၌ ရေကစားအပန်းဖြေကြသူများကို ကြည့်ရှုအားပေးစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့ ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်တွင် ပျော်ပျော်ပါးပါး ရေကစားဆင်နွှဲစဉ်။ တင်ထွန်း (ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ရေကစားကြသူများအား စတုဒိသာစားသောက်ဖွယ်ရာများ ဝေငှစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ သင်္ကြန်ကာလတွင် အပန်းဖြေအနားယူကြသော ခရီးသွားပြည်သူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)







မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး ဖျော်ဖြေရေးမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ သင်္ကြန်ချစ်သူများ ပါဝင်ဆင်နွှဲနေသည်ကို စည်ကားစွာ တွေ့ရစဉ်။ မောင်အေးချမ်း



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတာသင်္ကြန်ဗဟိုမဏ္ဍပ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ အတာသင်္ကြန်ရေသဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲသူများ။ မောင်မောင်(မင်းဘူး)



ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်း၌ သင်္ကြန်ကာလ အပန်းဖြေကြသူများ။ ရဲဝင်းနိုင်(ညောင်ဦး)

# အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့မှုနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အတွင်းသို့ အကြမ်းဖက်သမားများက မေ ၁၄ ရက် ညပိုင်းတွင် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် အောင်မြေဇေယျာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ ၂ ဦးသေဆုံးကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ကလေးငယ်များအပါအဝင် ဆေးရုံတက်လူနာ၊ ဆေးရုံဝန်ထမ်း ၁၁ ဦးနှင့် ရပ်ကွက်နေပြည်သူ ၁ ဦး၊ စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်ခြင်းသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းYMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ် ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဇလီနှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည်ကို မနာလိုမရှုဆိတ်ဖြစ်၍ မေ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားသည့် ဘုရားသားတော်များ သီတင်းသုံးနေထိုင်သည့် ဘုန်းတော်ကြီးကျောင်း၊ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံနှင့် အများပြည်သူများ နေထိုင်ရာ ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ ၂ ဦး သေဆုံးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အသက် ၅ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ် ၂ ဦး အပါအဝင် ဆေးရုံဝန်ထမ်းအချို့၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများနှင့် ရပ်ကွက်အတွင်း အေးချမ်းစွာ နေထိုင်သူများ စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ထူးခြားလေးနက်သော အခါသမယတွင် အကြမ်းဖက်သမားများအနေဖြင့် အရုပ်ဆိုး အကျည်းတန်သော အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ မေ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် လူနေရပ်ကွက်ကျေးရွာများသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ပြည်သူ ၂ ဦးသေဆုံးကာ အပြစ်မဲ့ ကလေးငယ်များနှင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသည့် ပြည်သူများ ဒုံးသီးစထိမှန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ပြည်သူ ၂ ဦး သေဆုံးကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ကလေးငယ်များနှင့် အပြစ်မဲ့ပြည်သူများ ဒုံးသီးစထိမှန်ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့ကြောင်း ကြားသိရှိရသဖြင့် များစွာ စိတ်မကောင်း ဖြစ်ရသည်။

ယခုကဲ့သို့ ပြည်သူများအပေါ် အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ပြည်သူ ၂ ဦး သေဆုံးကာ ကလေးငယ် ၂ ဦး အပါအဝင် အပြစ်မဲ့ ပြည်သူစုစုပေါင်း ၁၂ ဦး ဒုံးသီးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက ပြင်ဦးလွင်မြို့ရှိ ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ပြည်သူ ၂ ဦး သေဆုံးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အပြစ်မဲ့အရပ်သား ပြည်သူများ ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသော အကြမ်းဖက်သမားများအား လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်တွင် အကြမ်းဖက်သမားများက ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့်အတွက် ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ၂ ဦး သေဆုံးကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

၁။ ၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်တွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဘုန်းကြီးကျောင်းတွင် သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး ပြည်သူ ၂ ဦးသေဆုံးကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် အပြစ်မဲ့ပြည်သူများ ဒုံးသီးစထိမှန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိသည်။

၂။ မြန်မာတို့၏ ၁၂ လရာသီများအနက် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်၌ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်

၁။ ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းမည့် အခါသမယတွင် ပြည်သူများ မဟာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်ကို အကြမ်းဖက်သမားများအနေဖြင့် မနာလိုမရှုဆိတ်၍ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်၂ ပါး ပျံလွန်တော်မူပြီး ပြည်သူ ၂ ဦး သေဆုံးကာ အပြစ်မဲ့အရပ်သား ကလေးငယ်များ အပါအဝင် စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

ပြင်ဦးလွင်မြို့ရှိ ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် လူနေရပ်ကွက်များအတွင်းသို့ ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး ပြည်သူ ၂ ဦး သေဆုံးကာ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အေးချမ်းပျော်ရွှင်စွာနေထိုင်နေသည့် ပြည်သူများအပေါ် မနာလိုစိတ်ဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ဧပြီ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ဒေသခံပြည်သူ ၂ ဦး သေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)မှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

အကြမ်းဖက်သမားများသည် သင်္ကြန်ပွဲတော်ဆင်နွှဲနေသည့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အဆောက်အဦများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးနှင့် Drop Bomb များဖြင့် ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိရာ ဧပြီလ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သော ၁၀၇ မမ ရှော့တိုက်ဒုံးကြောင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းရှိ သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ဒေသခံပြည်သူ ၂ ဦး သေဆုံးကာ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

ယခုကဲ့သို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

၁။ အကြမ်းဖက်သမားများက ဧပြီ ၁၄ ရက် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် လူနေရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ပစ်ခတ်မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ဒေသခံပြည်သူ ၂ ဦးသေဆုံးကာ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။

၂။ ယင်းသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

၁။ အကြမ်းဖက်သမားများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆင်နွှဲနေသည့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များ အတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများနှင့် Drop Bomb များဖြင့် ရမ်းသန်းပစ်ခတ်လျက်ရှိရာ ဧပြီလ ၁၄ ရက်ညပိုင်းတွင် အကြမ်းဖက်သမားများ၏ ၁၀၇ မမ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းရှိ သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ဒေသခံပြည်သူ ၂ ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်

မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆင်နွှဲလျက်ရှိသော ပြည်သူများအား အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဧပြီ ၁၄ ရက်ညပိုင်းတွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံးများ ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ကြောင်းနှင့် ဒေသခံပြည်သူ ၂ ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဝမ်းနည်းဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်(သင်္ကြန်အကျနေ့)ညပိုင်းအချိန် ပြင်ဦးလွင်မြို့၊ ဘုန်းတော်ကြီးကျောင်းနှင့် ဆေးရုံတို့အား မသမာသူများက ရှော့တိုက်ဒုံးများဖြင့် မိုက်မဲစွာ ပစ်ခတ်ခဲ့ကြောင်း ကြားသိရပါသည်။ လက်နက်မဲ့ရိုးသားသော အရပ်သားပြည်သူများနှင့် ဘုန်းတော်ကြီးများအား မဆင်မခြင်ပစ်ခတ်ခဲ့သည့် အကြမ်းဖက် လက်နက်ကိုင်များကို စစ်ရာဇဝတ်ကောင်များအဖြစ် သတ်မှတ်၍ ၎င်းတို့၏ အကျိုးမဲ့လုပ်ရပ်အား ပြင်းထန်စွာ ရှုတ်ချပါကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

အကြမ်းဖက်သမားများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ ဧပြီလ ၁၄ ရက်ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ဒေသခံပြည်သူ ၂ ဦးသေဆုံးကာ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းက သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်

အကြမ်းဖက်သမားများက ပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ပျော်ရွှင်စွာ ဆင်နွှဲနေသည်ကို မနာလိုမရှုဆိတ်၍ ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဧပြီလ ၁၄ ရက် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းသို့ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများနှင့် ရပ်ကွက်အတွင်း အေးချမ်းစွာနေထိုင်နေသော ပြည်သူ ၂ ဦးသေဆုံး၍ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ လုပ်ရပ်များအပေါ် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်(၄/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်

၁။ မြန်မာတစ်နိုင်ငံလုံးတွင် နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနေကြသည်ကို မနာလိုမရှုဆိတ်သော အကြမ်းဖက်သမားများက လူစိတ်ကင်းမဲ့စွာဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ဧပြီလ ၁၄ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သဖြင့် သံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ၂ ဦး သေဆုံးကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ကလေးငယ်များအပါအဝင် ဆေးရုံတက်လူနာများ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်းသို့ အများပြည်သူ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိစေရန် လူစိတ်ကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်သော အကြမ်းဖက်သမားများ၏ လုပ်ရပ်အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ရှုတ်ချ ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး

### အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီ ၁၅ ရက်

အကြမ်းဖက်သမားများ ပစ်ခတ်သည့် ရှော့တိုက်ဒုံး ၁၁ လုံး ကျရောက် ပေါက်ကွဲမှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေသော သံဃာတော် ၂ ပါး ပျံလွန်တော်မူခဲ့ပြီး ပြည်သူ့ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူနေကြသူများနှင့် ရပ်ကွက်အတွင်း အေးချမ်းစွာ နေထိုင်နေသော ဒေသခံပြည်သူ ၂ ဦး သေဆုံးကာ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

နေပြည်တော် ဧပြီ ၁၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# အကြမ်းဖက်သမားများက ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




မနေ့က ဧပြီလ ၁၄ ရက်နေ့ ည ၉ နာရီခွဲနဲ့ ၁၀နာရီခွဲကြားမှာတော့ ပြင်ဦးလွင်မြို့ကို အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးနဲ့ ပစ်ခတ်ခဲ့ပါတယ်။ အဲဒီနားမှာ ပြင်ဦးလွင် စံပါယ်ရပ်ကွက်၊ ဗလမင်းထင်ရပ်ကွက်၊ ပြီးရင် ကျွန်တော်တို့ အောင်မြေဇေယျာဘုန်းကြီးကျောင်း၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်၊ Luxury ဟိုတယ်နားနဲ့ ရပ်ကွက်ကြီး (၅) ဘက်မှာရှိတဲ့ အရပ်သားနေအိမ်တွေပေါ်မှာ နေရာရှစ်နေရာမှာ ကျရောက်ပေါက်ကွဲခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ကြောင့်မို့လို့ အောင်မြေဇေယျာဘုန်းကြီးကျောင်းမှာရှိနေတဲ့ သံဃာတော် နှစ်ပါး ပျံလွန်တော်မူခဲ့ပါတယ်။ ပြည်သူနှစ်ဦး သေဆုံးခဲ့ပါတယ်။ ဒဏ်ရာရ ၁၂ ဦး ရှိခဲ့ပါတယ်။ အဆိုးဆုံးကတော့ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်မှာ ကျရောက်ပေါက်ကွဲခဲ့တဲ့အတွက် ကလေးငယ်များအပါအဝင်၁၁ဦးပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

ဒါနဲ့ပတ်သက်ပြီး NUG၊ PDF အမည်ခံ အကြမ်းဖက်သမားတွေက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါလွန်ခဲ့တဲ့ မကြာခင်ကလည်း ဒီအကြမ်းဖက်သမားများအနေနဲ့ ပြင်ဦးလွင်နဲ့ မန္တလေးဆက်သွယ်ထားတဲ့ ကားလမ်း ပြင်ဦးလွင်မြို့ အဝင်နေရာမှာ ရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ရှော့တိုက်ဒုံးသုံးလုံး ကျရောက်ပေါက်ကွဲခဲ့တာရှိပါတယ်။

ဒီနေရာမှာ စစ်ဘက်ဆိုင်ရာအဆောက်အအုံတွေကို ပစ်မှတ်ထား တိုက်ခိုက်တယ်လို့ ပြောပေမယ့် ဒီဖြစ်စဉ်မှာကြည့်မယ်ဆိုရင် ပြင်ဦးလွင်မြို့ အချက်အချာကျတဲ့ နေရာတွေအားလုံးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ပြည်သူ့ ဆေးရုံကြီးတို့၊ Luxury ဟိုတယ်နားတို့ ၊ ရပ်ကွက်ကြီး (၅) က လူနေအိမ်တို့ဆိုတာ သိသာတဲ့ဟာတွေ ဖြစ်ပါတယ်။ အကြမ်းဖက်သမားများအနေနဲ့ သူတို့ရဲ့ လုပ်ရပ်တွေကို ဖုံးကွယ်နိုင်ဖို့အတွက် ဖြစ်စဉ်တစ်ခု ဖြစ်လာတိုင်းသာ စစ်ဘက်ဆိုင်ရာနေရာတွေကို တိုက်ခိုက်တယ်ဆိုတဲ့ အကြောင်းပြချက်မျိုးပေးပေမယ့် တကယ့်တကယ် လက်တွေ့မှာတော့ ပြည်သူ့ဘဝ လုံခြုံတည်ငြိမ်မှု မရှိစေရေးအတွက် ပြည်သူလူထုရဲ့ အဓိကနေရာတွေကိုပဲထားပြီး တိုက်ခိုက်တာကို တွေ့ရမှာ ဖြစ်ပါတယ်။

သူတို့ရဲ့ အသုံးပြုသွားတဲ့ လက်နက်ခဲယမ်းတွေကို ကြည့်မယ်ဆိုရင် ဒါတွေသည် ကျွန်တော်တို့ EAO အဖွဲ့တွေက အသုံးပြုနေတဲ့ လက်နက်ခဲယမ်းများဖြစ်ပါတယ်။ အနီးစပ်ဆုံးပြောရရင်တော့ ပြင်ဦးလွင်တစ်ဝိုက်မှာ ယခင်တုန်းက ပြင်ဦးလွင်တစ်ဝိုက်ကို ဝင်ရောက်လာတဲ့ EAO အဖွဲ့အစည်း၊ ပြီးရင် မြောက်ပိုင်းမှာ ရှိနေတဲ့ EAO အဖွဲ့အစည်းတွေ ဆီကနေရတဲ့ လက်နက်တွေဖြစ်ကြောင်း သုံးသပ်ရပါတယ်။ ဒီရှော့တိုက်ဒုံးတွေဟာ အဆင့်မြှင့်တင်ထားပြီး အဝေးကို ပစ်ခတ်နိုင်အောင် ပြုလုပ်ထားတာမျိုး တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ပြောချင်တာကတော့ နိုင်ငံတော်အစိုးရအနေနဲ့ အကြမ်းဖက်မှု နှိမ်နင်းရေးများကို ပြတ်သားစွာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ မိသားစုများနဲ့အတူ ထပ်တူဝမ်းနည်းကြေကွဲရပါတယ်။ လိုအပ်တဲ့ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုတွေ ရှာဖွေနှိမ်နင်းမှုများလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများအနေနဲ့ မနေ့က ကျွန်တော်ပြောခဲ့တဲ့အတိုင်း ပြည်သူ့ဘဝလုံခြုံအေးချမ်းဖို့ အကြမ်းဖက်မှုကို ဝိုင်းဝန်းချေမှုန်းကြဖို့ လိုနေပြီ၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုနေပြီဆိုတာ သတိပေးနှိုးဆော်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်

၁။ အကြမ်းဖက်သမားများသည် နိုင်ငံအတွက် ထူးခြားလေးနက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲ ဆင်နွှဲနေသည်ကို မနာလိုမရှုဆိတ်ဖြစ်ခြင်းနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြား၍ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လူနေမြို့ရွာရပ်ကွက်များအတွင်းသို့ Drop Bomb များ၊ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများနှင့် လက်လုပ်မိုင်းများဖြင့် ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထိုသို့လုပ်ဆောင်လျက်ရှိရာ ၁၄-၄-၂၀၂၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ အနောက်ဘက်မှ ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ပြည်သူ့ဆေးရုံရှိ အရိုးကုသဆောင်၊ အောင်မြေဇေယျာဘုန်းတော်ကြီးကျောင်း LUXURY HOTEL ၊ ရပ်ကွက်ကြီး(၅)၊ ဗလမင်းထင်ရပ်ကွက်နှင့် စံပါယ်ရပ်ကွက်များ အတွင်းသို့ ရှော့တိုက်ဒုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သည်။

၃။ အဆိုပါ ကျရောက်ပေါက်ကွဲမှုကြောင့် အောင်မြေဇေယျာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ရဟန်းသံဃာတော် ၂ ပါး ပျံလွန်တော်မူပြီး ပြည်သူ ၂ ဦး သေဆုံးခဲ့ကာ ပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော မြို့ရွာရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်သည့်အတွက် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## နမ့်စန်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကျနေ့၌ ယိမ်းအကပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များဆက်လက် ကျင်းပ

**နမ့်စန်(တ) မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များကို သင်္ကြန်အကျနေ့ ယမန်နေ့ ည ၇ နာရီက အမှတ် (၂) ရပ်ကွက် မြို့နယ်ခန်းမရှေ့ မြို့လယ် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် အဖွဲ့ဝင်များ ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယိမ်းအကပြိုင်ပွဲ ပထမနေ့တွင် အမှတ် (၃)ရပ်ကွက် ၊ ခရိုင်ရဲတပ်ဖွဲ့၊ ထပရ(၉၃၁)၊ အမှတ်(၁) ရပ်ကွက်နှင့် ခရိုင် ထွေ/အုပ် ကိုယ်စားပြု ယိမ်းအကအဖွဲ့များ ယှဉ်ပြိုင် ကပြကြသည်။

ဆက်လက်၍ ရပ်ကွက်နှင့် ကျေးရွာများမှ ယိမ်းအကအဖွဲ့များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



## ကွန်းလုံမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အကြတ်နေ့ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ



**ကွန်းလုံ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလုံမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိပြီး ယနေ့သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက ကွန်းလုံမြို့ ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ကွန်းလုံမြို့ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ပြုသူများ၊ မြို့ပေါ်ရပ်ကွက်များတွင် စတုဒိသာ ကျွေးမွေးသူများ၊ ရေကစားသူများဖြင့် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကွန်းလုံ)**

### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အကြမ်းဖက်သမားများက ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် သံဃာတော်နှစ်ပါး ပျံလွန်တော်မူ၊ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အသက် ငါးနှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ်များအပါအဝင် ဆေးရုံတက်လူနာများ ပြင်းထန်စွာထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဧပြီ ၁၅**

အကြမ်းဖက်သမားများသည် နိုင်ငံအတွက် ထူးခြားလေးနက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆင်နွှဲနေသည်ကို မနာလို မရှုဆိတ်ဖြစ်ခြင်းနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းမှု ပျက်ပြား၍ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လူနေ မြို့/ရွာ ရပ်ကွက်များအတွင်းသို့ Drop Bomb များ၊ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများနှင့် လက်လုပ်မိုင်းများဖြင့် ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့ အနောက်ဘက်မှ ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ပြည်သူ့ဆေးရုံရှိ အရိုးကုသဆောင်၊ အောင်မြေဇေယျာ ဘုန်းကြီးကျောင်း၊ Luxury Hotel ၊ ရပ်ကွက်ကြီး (၅)၊ ဗလမင်းထင်ရပ်ကွက်နှင့် စံပါယ်ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် အောင်မြေဇေယျာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံး နေထိုင်သည့် ဘဒ္ဒန္တတေဇာနန္ဒနှင့် ဒုလ္လဘရဟန်း တစ်ပါး စုစုပေါင်း နှစ်ပါးပျံလွန်တော်မူပြီး ပြည်သူတစ်ဦး သေဆုံး၍ တစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး စံပါယ်ရပ်ကွက်တွင် နေထိုင်သည့် ပြည်သူတစ်ဦး သေဆုံးခဲ့ကာ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော အသက်ငါးနှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ်များအပါအဝင် လူနာနှင့် ဆေးရုံဝန်ထမ်း ၁၁ ဦးမှာ အပြင်းအထန် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် စုစုပေါင်းသံဃာတော်နှစ်ပါးနှင့် ပြည်သူနှစ်ဦး သေဆုံးခဲ့၍ ပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာများရရှိကာ အဆိုပါ ထိခိုက်ဒဏ်ရာ ရရှိသူများကို လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုရန် မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သည့် အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် ယခုကဲ့သို့ ထူးခြားလေးနက်သော အခါသမယတွင် အကြမ်းဖက်သမားများအနေဖြင့် အရုပ်ဆိုး အကျည်းတန်သော အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော မြို့/ရွာ၊ ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်းနှင့် အဆိုပါ အကြမ်းဖက်သမားတို့၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ခဲ့ရမှုအပေါ် ဝိုင်းဝန်းဆန့်ကျင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မြို့ရွာများ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကာ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိသည့် အသက် ၅ နှစ် နှင့် ၉ နှစ် အရွယ် ကလေးနှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများ။






အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့ဆေးရုံ၌ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းသို့ ဒုံးသီးကျရောက်ပေါက်ကွဲမှုကို တွေ့ရစဉ်။





အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့ဆေးရုံ၌ ထိခိုက်ပျက်စီးမှုများအား တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၂ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၇ လုံးအတွင်းမှ ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်း မရှိသည့် ဆော်ဒီအာရေဗျနိုင်ငံထုတ် Plastic Resin ၇၄၁၅၀ ကီလိုဂရမ်၊ အမေရိကန်နိုင်ငံထုတ် Plastic Resin ၄၉၅၀၀ ကီလိုဂရမ်၊ တရုတ်နိုင်ငံထုတ် PE Plastic Sheet ၃၄၀၈၀ ကီလိုဂရမ်၊ Linoleum ဖယောင်းပုဆိုး ၆၁၂၅၀ ကီလိုဂရမ်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း Light Steel Keel ၂၀၃၄၃ ဒသမ ၅ ကီလိုဂရမ်၊ Hui Tong Automatic Cutting Machine (Used) တစ်လုံး၊ I Sew Preshrink Molding Machine တစ်လုံးနှင့် LED မီးသီးလုံး ၁၄၈၀၀၊ စင်ကာပူနိုင်ငံထုတ် Insecticide: For You Cole ပိုးသတ်ဆေးလုံး ၂၀၀၀၀၊ တရုတ်(တိုင်ပေ)ထုတ် Mushrooms Meatball အသားလုံးမှို (Pork) ၁၈၅၄၀ ကီလိုဂရမ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း Mild Steel Shear Stud ၂၁၉၅၈ ဒသမ ၃၈ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၂၉၃၁၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hijet မော်တော်ယာဉ်တစ်စီးနှင့် Nissan AD Van မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၁၅၈ တန်၊ သစ်မာ ၁ ဒသမ ၁၂၂ တန်နှင့် အခြားသစ် ၂ ဒသမ ၃၀၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၁၄၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၂ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၃၂၄၆၂၁)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အစိုးရကျောင်းများ၌ G1 မှ G5 အထိ အခမဲ့ကျောင်းအစားအစာ ကျွေးနေပြီဖြစ်သည့် သီရိလင်္ကာ

**နွယ်နီလင်း**

သီရိလင်္ကာနိုင်ငံသည် တောင်အာရှရှိ ကျွန်းနိုင်ငံတစ်ခုဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အာရေဗျပင်လယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။

သီရိလင်္ကာနိုင်ငံတစ်ဝန်း G1 မှ G5 အထိ ကျောင်းသား ကျောင်းသူများ အားလုံးအတွက် ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး အာဟာရပြည့်ဝသည့် အစားအစာများ ပံ့ပိုးပေးရန် ရည်ရွယ်၍ နံနက်စာ အခမဲ့ကျွေးမွေးမည့် အစီအစဉ်ကို မတ် ၂၅ ရက်က စတင်အကောင်အထည်ဖော်ခဲ့သည်။ နံနက်စာကို အကောင်းဆုံးအာဟာရဖြစ်သည့် အချိန်ကို ကျွမ်းကျင်သူများ၏ အကြံပြုချက်များဖြင့် ချိန်ညှိပြီး နံနက် ၇ နာရီခွဲမှ ၈ နာရီခွဲအချိန်အတွင်း ကျွေးမွေးလျက်ရှိသည်။

အဆိုပါအစီအစဉ်ကို သီရိလင်္ကာနိုင်ငံ၌ အစိုးရကျောင်းပေါင်း ၉၁၃၄ ကျောင်းများ၌ ကျွမ်းကျင်သူများ၏ အကြံပြုချက်များနှင့်အတူ စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်ဟု ပီအမ်ဒီက ဆိုသည်။

**ဘက်စုံပညာရေး၏ အရေးပါမှုကို အလေးထား**

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခ်ရမ်မီဆင်းဟီက နိုင်ငံတစ်ဝန်းရှိ ကလေးများအတွက် ပညာရပ်ဆိုင်ရာဘာသာရပ်များနှင့် အာဟာရဆိုင်ရာ ထောက်ပံ့မှုများအပါအဝင် သင်ရိုးညွှန်းတမ်းတစ်ခုအတွက် ဘက်စုံပညာရေး၏ အရေးပါမှုကို အလေးထားပြောကြားသည်။

ကျောင်းပညာရေးနှင့် ပညာရေးစနစ်များ ပြုပြင်ပြောင်းလဲရန် အစိုးရ၏ ယုံကြည်ချက်နှင့် ပညာရေးမူဘောင်အတွင်း ဉာဏ်ရည်တု (အေအိုင်)ကဲ့သို့ ခေတ်မီနည်းပညာလိုအပ်ချက်များကို မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

ယခုနှစ် ကျောင်းအစားအစာကျွေးခြင်း အစီအစဉ်မှာ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားကျောင်းသူ ၁ ဒသမ ၆ သန်းကို အကျိုးပြုမည်ဟု ခန့်မှန်းထားကြောင်း သမ္မတ၏ မီဒီယာဌာနခွဲ (ပီအမ်ဒီ)က ပြောသည်။

သီရိလင်္ကာအစိုးရသည် အဆိုပါအစီအစဉ်အတွက် ဘတ်ဂျက်ရူပီးငွေ ၁၆ ဒသမ ၆ ဘီလီယံ လျာထားပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် အမေရိကန်စိုက်ပျိုးရေးဌာန (ယူအက်စ်ဒီအေ) ကဲ့သို့သော အဖွဲ့အစည်းများက အပိုဆောင်းပံ့ပိုးကူညီမှုဖြင့် ပြည်နယ်ဒေသန္တရအုပ်ချုပ်ရေးကောင်စီကိုးခုသို့ တိုက်ရိုက်ခွဲဝေပေးခဲ့သည်။



သီရိလင်္ကာနိုင်ငံ၌ အခမဲ့ကျောင်းအစားအစာ စတင်ကျွေးမွေးသည့်နေ့က သမ္မတ ရာနေးလ် ဝစ်ခ်ရမ်မီဆင်းဟီကို ကျောင်းသူများနှင့်အတူ တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံ၌ အလုပ်အကိုင်သစ်များ ဖြစ်ပေါ်စေရန် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ နိုင်ငံ၏စီးပွားရေးကုန်ထုတ်လုပ်မှု ကြီးထွားလာစေရန် ပါဝင်ကူညီပေးခြင်းအဖြစ် ပြည်တွင်း ထောက်ပံ့သူများကလည်း အဆိုပါ အစီအစဉ်အတွက် လိုအပ်သည့်အစားအစာများကို ထောက်ပံ့ပေးသည်။

**ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်ခြင်း**

ကျောင်းအစားအစာ အစီအစဉ် အကောင်အထည်ဖော်မှုအပေါ် စဉ်ဆက်မပြတ်ရှိစေရန် ယင်းအစီအစဉ် စတင်သည့်အချိန်မှစကာ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်ခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာန အထူးသဖြင့် ကျန်းမာရေးနှင့် အာဟာရဌာနခွဲကို တာဝန်ပေးအပ်ထားသည်။

ယင်းအစီအစဉ်မှာ အစိုးရ၏ အဓိကရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အရေးကြီးသည့် အချက်များထဲမှ တစ်ခုဖြစ်သည်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရပ်ဆိုင်ရာ အသိပညာနှင့် စာမေးပွဲဆိုင်ရာ စွမ်းဆောင်ရည်များသာမက အာဟာရသုခကိုပါ လွှမ်းခြုံထားပြီး နိုင်ငံအများအပြားက လက်ခံကျင့်သုံးသည့် ကမ္ဘာ့အလေ့အကျင့်များကိုပါ ထင်ဟပ်စေသည်။

ယခင်က အစားအစာအစီအစဉ်ကို ဝေးလံခေါင်ဖျားသည့် ပြည်နယ်များမှ ကျောင်းသားကျောင်းသူများအတွက် ရည်မှန်းထားသော်လည်း ယခုနှစ်တွင် ပထမတန်းမှ ပဉ္စမတန်းအထိ ကျောင်းသား ကျောင်းသူများအတွက် အာဟာရပြည့်ဝသည့် အစားအစာများ စီစဉ်ပေးခြင်းဖြစ်သည်ဟု သီရိလင်္ကာနိုင်ငံပညာရေးဝန်ကြီး ဒေါက်တာ ဆူဆီပရီမာဂျာရန်သာက ဆိုသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်၏ အပိုဆောင်းအကူအညီဖြင့် သမ္မတ ရာနေးလ် ဝစ်ခ်ရမ်မီဆင်းဟီ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ယင်းအစီအစဉ်အတွက် ရူပီး၁၆ ဒသမ၆ဘီလီယံကိုပဏာမလျာထားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့်ဆိုးကျိုး၏ အကျိုးဆက်အဖြစ် စီးပွားရေးကျပ်တည်းမှု စတင်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ခုနှစ် နှစ်လယ်ကတည်းက စီးပွားရေးကျပ်တည်းလာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှင့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုတို့နှင့် ကြုံတွေ့ခဲ့ရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၂ ခုနှစ် ဧပြီလက နိုင်ငံအတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်ခဲ့ရာ ကျောင်းများပိတ်ခဲ့ရသည်အထိ အခြေအနေဆိုးရွားလာခဲ့ပြီး လျှပ်စစ်မီးများ ဖြတ်တောက်ခြင်းလည်း ခံခဲ့ရသည့်အပြင် အသက်ကယ်ဆေးများလည်း ပြတ်တောက်ခဲ့ရသည်။ ထို့ကြောင့် ပြည်သူများက ယခင်သမ္မတ ဟောင်း ဂိုတာဘာရာ ရာဂျာပက်ဆာကို ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုခဲ့ကြသည်။

ထို့ပြင် ဇူလိုင် ၉ ရက်က ရာဂျာပက်ဆာအိမ်၌ ပြည်သူများက ဝိုင်းဝန်းဆန္ဒပြသဖြင့် ၎င်းက ထွက်ပြေးတိမ်းရှောင်ခဲ့ရကာ ယင်းနောက်တွင် သမ္မတ ရာနေးလ် ဝစ်ခ်ရမ်မီဆင်းဟီက သီရိလင်္ကာနိုင်ငံသမ္မတ ဖြစ်လာခဲ့သည်။

**အကျပ်အတည်းများကို ဖြေရှင်း**

သီရိလင်္ကာနိုင်ငံအစိုးရသည် သမ္မတ ရာနေးလ် ဝစ်ခ်ရမ်မီဆင်းဟီ တာဝန်ယူသည့် အချိန်အတွင်း နိုင်ငံခြားကြွေးမြီနှင့် အတိုးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော်ကို ဖြေရှင်းပေးခဲ့သည်ဟု သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ရာဂျစ် ကီးသီတန်းနစ်ခ်ခွန်းက ဆိုသည်။

တစ်ချိန်တည်းမှာပင် အစိုးရသည် ဘက်ပေါင်းစုံချေးငွေနှင့် အတိုးနှုန်းများအတွက် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ကို ထုတ်ပေးခဲ့ပြီး ချေးငွေအရစ်ကျနှင့် အတိုးပေးချေမှု ကြွင်းကျန်မှာ အကြွေးတင်ခြင်းမရှိကြောင်း ၎င်းက ပြောသည်။ အာရှဖွံ့ဖြိုးရေးဘဏ်သို့ ဒေါ်လာ ၇၆၀ ဒသမ ၁ သန်းပေးချေခဲ့ပြီး အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်သို့ ဒေါ်လာ ၇ သန်း ပေးချေခဲ့သည်ဟု ၎င်းက ဆိုသည်။

ယင်းကာလအတွင်း နှစ်နိုင်ငံချေးငွေနှင့် အတိုးနှုန်း ဒေါ်လာ ၅၇၁ သန်းကို ပေးချေပြီးဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

**ကိုးကား-ဆင်ဟွာ၊ NEWSWIRE**

- **ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရပ်ဆိုင်ရာ အသိပညာနှင့် စာမေးပွဲဆိုင်ရာ စွမ်းဆောင်ရည်များသာမက အာဟာရသုခကိုပါ လွှမ်းခြုံထားပြီး နိုင်ငံအများအပြားက လက်ခံကျင့်သုံးသည့် ကမ္ဘာ့အလေ့အကျင့်များကိုပါ ထင်ဟပ်စေ**
- **ယခင်က အစားအစာအစီအစဉ်ကို ဝေးလံခေါင်ဖျားသည့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများအတွက် ရည်မှန်းထားသော်လည်း ယခုနှစ်တွင် ပထမတန်းမှ ပဉ္စမတန်းအထိ ကျောင်းသား ကျောင်းသူများအတွက် အာဟာရပြည့်ဝသည့် အစားအစာများ စီစဉ်ပေးခြင်းဖြစ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ စတုဒိသာအဖြစ် ထမင်းကြော်၊ ကြက်ကြော်နှင့် ရေသန့်ဘူးများ လှူဒါန်း

**ရန်ကုန်  ဧပြီ  ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ယနေ့သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ယာဉ်ရပ်နားနေရာတွင် စတုဒိသာအလှူ ပြုလုပ်သည့်အခမ်းအနားသို့ တက်ရောက်ကြသည်။




မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ရက်များတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)က သင်္ကြန်အကြိုနေ့မှစတင်၍ စတုဒိသာအလှူများကို လှူဒါန်းပေးပြီး ယနေ့သင်္ကြန်အကြတ်နေ့တွင် ထမင်းကြော်၊ ကြက်ကြော်နှင့် ရေသန့်ဘူးများကို လူဦးရေ ၁၀၀၀ စာ စတုဒိသာလှူဒါန်းခြင်းဖြစ်ကြောင်းနှင့် သင်္ကြန်အတက်နေ့တွင် ကြက်ဆီထမင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် အသင်းရုံး၌ အသက် ၇၅ နှစ်အထက် အသက်အရွယ် ကြီးသူများကို ကုသိုလ်ယူလှူဒါန်းမှုများ ပြုလုပ်မည်ဖြစ်ပြီး မုန့်ဟင်းခါးအာဟာရဒါနဖြင့် လှူဒါန်းကျွေးမွေးမည်ဖြစ်သည်။

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အလှူငွေများကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ထံ လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် မိသားစုများက သပြေခက်ဖြင့် အပြန်အလှန် ရေပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၃ ဦး တွေ့ရှိ

(၁၅-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၇-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၈၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် မဟာသင်္ကြန်အကြတ်နေ့က ကုသိုလ်ပြု စတုဒိသာ ကျွေးမွေးလှူဒါန်းမှုကို တွေ့ရစဉ်။ လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော်  ဧပြီ  ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေတွင် မဟာသင်္ကြန်အကြတ်နေ့က အပန်းဖြေရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော်  ဧပြီ  ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစုရေကစားမဏ္ဍပ်တွင် မဟာသင်္ကြန်အကြတ်နေ့၌ ဝန်ထမ်းမိသားစုများနှင့် အနီးဝန်းကျင်ရှိ ကျေးရွာနေသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြစဉ်။ ဇော်မင်းသန်း(မြန်မာ့အလင်း)



ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ပန်းခြံရှေ့ ရိုးရာမိသားစုရေကစားမဏ္ဍပ်တွင် ဧပြီ ၁၅ ရက်က သင်္ကြန်ယိမ်းအကအလှများ ကပြဖျော်ဖြေခြင်း၊ အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် ရေကစားသူများ စည်ကားပျော်ရွှင်စွာ ရေကစားကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# နှစ်သစ်မှာ စိတ်သစ်ဖြင့် အကျိုးကောင်းစေရန် အကြောင်းကောင်းများဖြစ်ပါစေ...

ဒေါက်တာ မြတ်မိုး

**နှစ်သစ်အကူးအပြောင်းရောက်တိုင်း သတိတရနဲ့ သံဝေဂစကားလေးတွေ ပြောဖြစ်ကြတယ်၊ ဆုတောင်းဖြစ်ကြတယ်။ တစ်နှစ်တာအတွင်း ရတော့်ရခဲ့ သင်္ကြန်ရက်ရှည်ကို အခွင့်ကောင်းယူ၊ မိမိအတွက်ကောင်းတာတွေ ကျန်အောင်လုပ်၊ အဆိုးတွေချန်ရစ်ခဲ့မယ်။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ ကောင်းသောအကျိုးကျေးဇူးတွေ ဖြစ်စေချင်တဲ့အတွက် အကြောင်းကောင်းတွေဖြစ်အောင် ကြိုးစားကြရမှာပေါ့။ ကျွန်တော်တို့အားလုံး နှစ်ဟောင်းမှာ ဘာတွေလုပ်ခဲ့ကြသလဲ၊ ဘယ်လမ်းလျှောက်ခဲ့ပြီး ကျန်နေတဲ့အချိန် ဘယ်လမ်းကိုရွေးလျှောက်ကြမလဲ၊ ကိလေသာလား ပါရမီလား။ အကောင်းအဆိုးမှာ အကောင်းဆိုတာဘာလဲ၊ အဆိုးဆိုတာ ဘာကိုဆိုတာလဲ၊ စိတ်ဓာတ်အသစ်ဆိုတာကရော၊ နောက်ပြီး အကြောင်းကောင်းရင် အကျိုးလည်းကောင်းမယ်ဆိုတဲ့ သဘောတရားကရော ဘာကိုဆိုလိုပါသလဲ...။**



ကျိုက်ထိုမြို့ရှိ တရားရိပ်သာတစ်ခု၌ သင်္ကြန်အကျနေ့က ဝိပဿနာတရားရှုမှတ်နေကြသည့် ယောဂီများ။ ဓာတ်ပုံ-ဝင်းမောင်(ကျိုက်ထို)

### စိတ်ထားအသစ်အသစ်တွေနဲ့အတူ

အသက် အရွယ်အရ တရားသဘောလေးတွေ သိလာရတဲ့အခါ လူ့ဘဝဟာ ရခဲပါလား၊ သက်တမ်းတိုတိုနဲ့ ဒီဘဝမှာ လူ့ဘဝရနေခြင်းကပင် အတိတ်ဘဝ ဘဝတွေမှာ ကောင်းသောကုသိုလ်ကံတွေ ထူထောင်ခဲ့လို့ဆိုတာ အလေးအနက်ထားမိတဲ့အခါ နောင်ဘဝတွေမှာ အနည်းဆုံးတော့ လူပြန်ဖြစ်ဖို့၊ လူချမ်းသာ နတ်ချမ်းသာဘဝရဖို့ ဆုတောင်းမိပြန်တယ်။ ပိုပြီး မြင့်မြတ်တဲ့လုပ်ငန်းစဉ်တွေဖြစ်တဲ့ ပါရမီ ၁၀ ပါး အပြား ၃၀ ကို ဉာဏ်နဲ့ယှဉ်ပြီး ထူထောင်နိုင်ရင်တော့ နိဗ္ဗာန်ကို အထောက်အကူပြုနိုင်တာပေါ့။ လက်တွေ့မှာတော့ လူ့ဘဝရရင်တောင်မှ ဘုရားသာသနာနဲ့ ကြုံကြိုက်ဖို့ရာ ခဲယဉ်းနေသေးတယ်။ သာသနာနဲ့ ကြုံရင်သော်မှ ဘုရားရဲ့ တရားတော်တွေနာရဖို့က အခြေအနေပေးမှ ရနိုင်တာ။ နာတိုင်းလည်းသိဦးမှ၊ သိတိုင်းလည်းကျင့်ဦးမှ...။ ဤလိုအကြောင်းတရားတွေက ရခဲလှပါတယ်။ ရခဲ့ရင်လည်း ထိုအကြောင်းတရားတွေက အကျိုးကောင်းတွေဖြစ်ဖို့ ဘဝရဲ့ အာမခံချက် အကောင်းစားတွေဖြစ်ဖို့ လိုပါတယ်။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ဆိုတာ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် လူဖြစ်ရကျိုးနပ်ချင်တာပါ။ ပစ္စည်းဥစ္စာ၊ ဓန၊ ရာထူးဆိုတာတွေထက် အကျင့်အကြံကောင်းတွေနဲ့ ကိလေသာ အညစ်အကြေး လျော့ပါးလာတဲ့ စိတ်ထား အသစ် အသစ်တွေနဲ့အတူ ပတ်ဝန်းကျင်ကို ငြိမ်းချမ်းစေမယ့် လူသစ်စိတ်သစ်ကို ဆိုလိုခြင်းဖြစ်တယ်။

### ကိလေသာဆိုတာ...ကျွန်တော်တို့လည်းမကင်းခဲ့ပါ

ကိလေသာဆိုလို့ ကိလေသာဆိုတာ အကျဉ်းအားဖြင့် ၁၀ ပါး၊ အကျယ်အားဖြင့် ၁၅၀၀ သော အကုသိုလ်အညစ်အကြေးတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ နှစ်သစ်မှာ စိတ်တွေကို မပူပန်၊ မဆင်းရဲ၊ မညစ်နွမ်းစေချင်တဲ့အတွက် အညစ်အကြေးဟူသမျှ စင်ကြယ်အောင် လုပ်ရမယ့်သဘော ရှိပါတယ်။ ကျွန်တော်တို့တစ်တွေ နှစ်ဟောင်းမှာ လိုချင်တပ်မက်မှုတွေနဲ့ မပြီးနိုင်မစီးနိုင် ရမ္မက်တွေများခဲ့ကြတယ်၊ ထောင်လွှားမာန်တက် အမျက်ထွက်၊ အငြင်းပွားရန်ငြိုးဖွဲ့ ခိုက်ရန်ဖြစ်နဲ့ လောဘဒေါသ အတ္တအမုန်း အခြေခံ သတ်ကြဖြတ်ကြနဲ့ အချိန်တွေကုန်ခဲ့ကြတယ်။ ပူပန်မှုတွေ စိတ်နှလုံးမချမ်းမြေ့ ငိုကြွေးမှုတွေနဲ့ ကင်းတဲ့အချိန်ရှိခဲ့ကြရဲ့လား၊ ကိုယ့်အလိုမလိုက် ကိုယ်သဘောမကျတိုင်း ကုန်းတိုက်စကားတွေ အမနာပ သိမ်ဖျင်းစကားတွေ ပြောခဲ့ကြမှာပဲ၊ မနာလိုဝန်တို နှမြောတွန့်တိုစိတ်နဲ့ ကိုယ့်ထက်နိမ့်ကျသူကိုတောင် မပေးရက်မကမ်းရက် ရှိခဲ့ကြမှာပါပဲ။ ထိုင်းမှိုင်းလေးလံပျင်းတွဲတဲ့ စိတ်တွေနဲ့ တွေဝေခဲ့ကြမယ်။ ကိုယ့်ထက်ကြီးသူ ပညာကြီးသူအပေါ် ရိုသေလေးစားဂါရဝတရားမရှိ အဂါရဝနဲ့ မာန်တက်ဖက်ပြိုင်၊ မိမိကိုယ်မိမိ ဟုတ်လှပြီထင်၊ ပြုဖူးတဲ့ ကျေးဇူးကိုဖျက် စော်ကားမိတာတွေလည်း ရှိနိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်းမသိ၊ လောဘဖြစ်မှန်းမသိ၊ ဒေါသဖြစ်မှန်းမသိ ကုသိုလ်အကုသိုလ်မှန်း မခွဲခြားနိုင် မသိမိုက်မှားမှုတွေရှိခဲ့မှာပါ။

ကုသိုလ် အကုသိုလ် ခွဲခြားမသိတော့ မကောင်းတာ လုပ်မိလည်း မရှက်မကြောက်တော့၊ ကောင်းတာ လုပ်ရမှာတော့ ရှက်ကြောက်နေပြန်... စတဲ့ စတဲ့ တကယ့်အကုသိုလ်တရားဆိုးတွေနဲ့ ကိလေသာတွေ ပါပဲ၊ ပါးစပ်နဲ့ ပြောတာလည်းကံမြောက်၊ ကိုယ်နဲ့ လုပ်တာလည်းကံမြောက်၊ စိတ်နဲ့တွေးတာလည်း ကံမြောက်၊ သူတစ်ပါးကို တိုက်တွန်းမိလည်း ကံကမြောက်တဲ့အတွက် မိမိရဲ့ ကိုယ် နှုတ် စိတ် ၃ ပါးမှာ ထို ထိုဒုစရိုက်တွေကနေ အကုသိုလ်ကံမမြောက်အောင် ကြိုးစားကြရအောင်လား။ ဒါဟာ အရေးကြီးပါတယ်။ အကုသိုလ်ကြောင့် ယုတ်နိမ့်တဲ့ဘဝမှာ အပါယ်ကျမှာ စိုးလို့ပါ။ ယခုလို အချိန်ရခိုက်လေး အကုသိုလ်အညစ်အကြေးဟူသမျှ သီလနဲ့လည်း ခဏတာလေးပဲဖြစ်ဖြစ် တားမြစ်ကြရအောင်၊ သမာဓိနဲ့လည်း အတော်အတန် ထိန်းချုပ်ကြည့်ရအောင်၊ ဖြစ်နိုင်ရင် ပညာနဲ့ဝီရိယစိုက်ပြီး အပြီးပယ်သတ်နိုင်အောင် ကြိုးစားကြည့်စို့လား။

**❝ ကုသိုလ် အကုသိုလ် ခွဲခြားမသိတော့ မကောင်းတာ လုပ်မိလည်း မရှက်မကြောက်တော့၊ ကောင်းတာ လုပ်ရမှာတော့ ရှက်ကြောက်နေပြန်... စတဲ့ စတဲ့ တကယ့်အကုသိုလ်တရားဆိုးတွေနဲ့ ကိလေသာတွေပါပဲ၊ ပါးစပ်နဲ့ ပြောတာလည်းကံမြောက်၊ ကိုယ်နဲ့ လုပ်တာလည်း ကံမြောက်၊ စိတ်နဲ့တွေးတာလည်း ကံမြောက်၊ သူတစ်ပါးကို တိုက်တွန်းမိလည်း ကံကမြောက်တဲ့အတွက် မိမိရဲ့ ကိုယ် နှုတ် စိတ် ၃ ပါးမှာ ထို ထိုဒုစရိုက်တွေကနေ အကုသိုလ်ကံမမြောက်အောင် ကြိုးစားကြရအောင်လား။ ဒါဟာ အရေးကြီးပါတယ်။ အကုသိုလ်ကြောင့် ယုတ်နိမ့်တဲ့ဘဝမှာ အပါယ်ကျမှာ စိုးလို့ပါ။ ယခုလို အချိန်ရခိုက်လေး အကုသိုလ်အညစ်အကြေးဟူသမျှ သီလနဲ့လည်း ခဏတာလေးပဲဖြစ်ဖြစ် တားမြစ်ကြရအောင်၊ သမာဓိနဲ့လည်း အတော်အတန် ထိန်းချုပ်ကြည့်ရအောင်၊ ဖြစ်နိုင်ရင် ပညာနဲ့ဝီရိယစိုက်ပြီး အပြီးပယ်သတ်နိုင်အောင် ကြိုးစားကြည့်စို့လား❞**

### ကိလေသာလျော့စေသည့် ဘာဝနာအကျိုးများ

အားလုံးသိကြတဲ့အတိုင်း မျက်မှောက်ကမ္ဘာကြီးက ဘယ်မှာငြိမ်းချမ်းနေလို့လဲ။ ကျွန်တော်တို့အားလုံး ကိလေသာစေစားရာနောက် တကောက်ကောက်လိုက် သတိလက်လွတ်ဖြစ်မှန်းမသိ ဖြစ်နေကြရတယ်။ မေတ္တာတရား ကရုဏာတရား မုဒိတာ ဥပေက္ခာတရားတွေ အနိမ့်ဆုံးရောက်နေတဲ့ အခြေအနေမှာ လောဘကြောင့် အငတ်ဘေး၊ ဒေါသကြောင့် စစ်မက်ဘေး၊ မောဟကြောင့် ရောဂါဘေးတို့ ဆိုက်နေရပြီး လူသားတွေရဲ့ အကျိုးစီးပွားတွေလည်း ပျက်စီးကြရတယ်။ ကိုယ်ကျိုးအလွန်များပြီး သူ့အကျိုးပျက်စီးပါစေ စိတ်ထားတွေများနေကြပြီ။ ဒါကြောင့်လည်း ဘယ်သူမပြုမိမိမှုဆိုသလို ဘေးရန်အမျိုးမျိုး အနှောင့်အယှက် အဖျက်တွေကတစ်ဆင့် ကိုယ်မကျန်းမာခြင်း၊ စိတ်မချမ်းသာခြင်းများဖြစ်ပြီး ဆင်းရဲပူပန်ခြင်းများ ဖြစ်နေကြတာပေါ့။ ဒါကြောင့် ဒီအချိန်လေးတစ်ခုဟာ အချိန်ကောင်းတစ်ခုလို့ ဆိုရခြင်းဖြစ်ပါတယ်။

ဒါန သီလ ဘာဝနာ ကုသိုလ်အရာသုံးမျိုးမှာ ဒါနနဲ့ သီလက အချိန်တော်တော်များများမှာ အနည်းနဲ့ အများ ပြုဖြစ်ကြပေမယ့် ဘာဝနာအလုပ်ကတော့ ကျင့်နိုင်ခဲလှတယ်။ နည်းစနစ်မှန်မှန်နဲ့ စနစ်တကျ သင်ယူပြီး လက်တွေ့ကျင့်ကြံဖို့ မိမိတို့ပိုင်ဆိုင်တဲ့ အချိန်ကောင်းတစ်ခုကို မလွတ်တမ်းအသုံးချပြီး သာသနာပြုကြရအောင်ပါ။ သင့်တော်ရာနေရာဒေသတစ်ခုမှာ သူလိုကိုယ်လို သာသနာ့နွယ်ဝင် သူတော်စင်များနဲ့ တွေ့ဆုံရခြင်းဟာ တကယ့်အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် ကိလေသာထူပြောရာ ဝန်းကျင်ကို ခဏတာဖယ်ခွာ၊ ထိုအရပ်မှာ တရားသိတဲ့ ဓမ္မမိတ်ဆွေအချင်းချင်း အပြန်အလှန်အထောက်အပံ့ပြုခြင်းဖြင့် ညီညွတ်သော၊ အားကောင်းသော အကြောင်းတရားတို့ ဆုံသလိုဖြစ်သွားတယ်။ တချို့ကလျာဏမိတ္တာတွေများဆို မမြဲခြင်း၊ အားလုံးဆင်းရဲခြင်းဆိုတဲ့ အစိုးမရသဘောတွေကို သိလိုက်ရလို့ စက္ကန့်မလပ် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို ကောင်းစွာနားလည်လိုက်တဲ့ အကျိုးကျေးဇူး ရသွားကြတယ်လို့တောင် ခံစားမိတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး တန်ဖိုးကိုလည်း ယခင်ကထက် ပိုပြီးကြည်ညိုလာပြီး သဒ္ဓါတရားတိုးပွားလာတယ်ဆိုတာလည်း အမှန်ပါပဲ။ ကံ ကံရဲ့အကျိုးကိုလည်း ပိုပြီးနားလည်လာရတယ်။ အရေးကြီးဆုံးဖြစ်တဲ့ "သတိ" ဆိုတဲ့ အကျိုးတရားကို ရလိုက်ခြင်းဟာ တန်ဖိုးအရှိဆုံးပါပဲ။ မျက်စေ့နဲ့မြင်မြင်ချင်း၊ နားနဲ့ကြားကြားချင်း၊ အနံ့တစ်ခုရတဲ့အခိုက်၊ လျှာမှာအရသာဖြစ်ခိုက်၊ ကိုယ်မှာထိမိခိုက်လေး၊ လောဘဖြစ်ဖြစ်ချင်း၊ ဒေါသထွက်ထွက်ချင်း၊ စိတ်ထဲတွေးတွေးမိချင်း ခဏလေးတစ်ချက်မှာပဲ သိလိုက်ခြင်းဟာ သတိဆိုတဲ့တရားကြောင့်ပါ။ အားကောင်းတဲ့ သဒ္ဓါတရား ဝီရိယတို့ကတော့ ဘေးကခြံရံပေးဖို့လိုတာပေါ့။ သတိ ဝီရိယအားနဲ့ သမာဓိလည်းခိုင်ရင် ပညာလည်းနိုင်လာပါလိမ့်မယ်။ ထိုရလဒ်တွေသည် ဘာဝနာတရားရဲ့ အကျိုးကျေးဇူးတွေပါပဲ။

### ကိုယ်ပြုသမျှ ကိုယ်ပြန်ရတဲ့ လောကီမဂ္ဂင်တရား

ဒါကြောင့် ကုသိုလ်အကျိုးများရလေအောင် အချိန်ရှိခိုက် လုံ့လစိုက် ကိုယ်တိုင်ပြုဖြစ်ကြခြင်းဖြင့် အချင်းချင်းအထောက်အကူပြုကြပါစို့ဟု တိုက်တွန်းပါရစေ။ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ကိုယ်ကိုယ်တိုင် နားလည်သိရှိထားသမျှကို ကိုယ်တိုင်လုပ်ကြည့်တော့လည်း ပညာပိုဖြစ်တာပေါ့။ ဝီရိယထားပြီး ကုသိုလ်ဆောင်နေခိုက်ဟာ တခြားသောအချိန်တွေနဲ့ မတူတာတော့ သတိထားမိပါလိမ့်မယ်။

*စာမျက်နှာ ၁၇ သို့*

## မိုးညှင်းမြို့ အထင်ကရနေရာများ၌ သင်္ကြန်အကြတ်နေ့တွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ

မိုးညှင်း မေ ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့ အထင်ကရနေရာများ၌ မေ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)တွင် လာရောက်ရေကစားကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သင်္ကြန်ပွဲတော် အကြတ်နေ့တွင် မိုးညှင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မြို့ပေါ်နှင့် အခြားအထင်ကရနေရာများ ဖြစ်ကြသော မိုးညှင်းချောင်းသာ၊ ကာဒူ Guitar lake သဘာဝရေကူးကန်၌ Dj ဖြင့်ဖျော်ဖြေမှုများ စသည့် နေရာများ အပါအဝင် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင်လည်း ရေပက်ကစားကြသူများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူခြင်း၊ အလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ဘုရားဝတ်ရွတ်အသင်းများက ဝတ်ရွတ်ပူဇော်ကြခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



**ရွှေမိုးညှင်း**

## တပ်ကုန်းမြို့၌ သင်္ကြန်အကြတ်နေ့တွင် အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိ

တပ်ကုန်း မေ ၁၅

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ (သင်္ကြန်အကြတ်နေ့) မေ ၁၅ရက်တွင် ဥပုသ်သီလခံယူဆောက်တည်သူများနှင့် ကောင်းမှုကုသိုလ် အလှူဒါနပြုလုပ်သူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

တပ်ကုန်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ သီလဆောက်တည်သည့် ပြည်သူများက မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ ရေပက်ခံထွက်သူ၊ ရေကစားသူများက နေပြည်တော် လမ်းလျှောက်သင်္ကြန်နှင့် ရပ်ကွက်၊ ကျေးရွာ ရေကစားမဏ္ဍပ်ငယ်များတွင် အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ တစ်ဦးချင်းစေတနာရှင်နှင့် အစုအဖွဲ့ စေတနာရှင်များက မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဆံကြော်၊ ရွှေရင်အေး၊ ကြာဆံဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ထမင်းချဉ်၊ ထမင်းနှင့်ဟင်းများကို စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်နေကြပြီး နှစ်ဆန်း ၁ ရက်နေ့တွင်လည်း သံဃာတော်များက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း လှည့်လည်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း၌ သင်္ကြန်ရက်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကစား



ဆိပ်ဖြူ မေ ၁၅

မြန်မာ့ရိုးရာ အတာသင်္ကြန်ရက်များတွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း၌ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကစားလျက်ရှိသည်ကို တွေ့ရသည်။

ဆိပ်ဖြူမြို့နယ်၌ သင်္ကြန်အကြိုနေ့မှစတင်၍ ဘိုးဘွားများ၊ အသက်ကြီးသူများက တရားစခန်းဝင်ရောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသီလခံယူ၍ ဥပုသ်ဆောက်တည်ခြင်း၊ ရပ်ကွက်နေပြည်သူများက စတုဒိသာများ ကုသိုလ်ပြုခြင်းများ ဆောင်ရွက်ကြသကဲ့သို့ လူငယ်လူရွယ်များကလည်း ရပ်ကွက်များအတွင်း ရေပက်ဆော့ကစားခြင်းများနှင့် ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း၌ ရေကစားခြင်းများဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်အေးချမ်းစွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

## မြစ်သားမြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှုပြုသူများ စည်ကားလျက်ရှိ

မြစ်သား မေ ၁၅

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်နှင့် ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ မဟာသင်္ကြန်ရက်များအတွင်း ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်အကြိုနေ့မှစ၍ အကြတ်နေ့အထိ မြို့နယ်အတွင်းရှိ ဖောင်တော်ဦးစေတီ၊ မြစ်သားဈေးဘုရားဓမ္မာရုံ ၊ ရွှေကွမ်းတောင်ဘုရား စသည့် ဘုရားစေတီများ၊ မင်းကုန်းကျောင်း ပရိယတ္တိစာသင်တိုက်၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ မြို့ဦးကျောင်း ပရိယတ္တိစာသင်တိုက်၊ ပေတောပရဟိတကျောင်း စသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်အလိုက် ဓမ္မာရုံများတွင် စတုဒိသာကျွေးမွေး၍ ကုသိုလ်ယူသူများ၊ ဥပုသ်သီလဆောက်တည်၍ တရားဘာဝနာပွားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

*စာမျက်နှာ ၁၆ မှ*

ဘုရားရိပ်၊တရားရိပ်မှာအတိတ်ကအခြေအနေတွေနဲ့လည်း သတိရှိမှုအပေါ် မူတည်ပြီး ကွာခြားမှုရှိသွားပါတယ်။ လောဘတို့၊ ဒေါသတို့၊ ဣဿာမစ္ဆရိယတို့နည်းနေတဲ့ ဝန်းကျင်တစ်ခုမှာ အာရုံအများစုဟာ ကုသိုလ်အာရုံတွေပဲ ဖြစ်ပါတယ်။ ဒီ ကောင်းတဲ့ အာရုံတွေအပေါ်မှာပဲ စိတ်ကို တင်တင်ပေးနေရတာ၊ ဆင်ခြင်နေရတာကိုက သမ္မာသင်္ကပ္ပ ဖြစ်နေပါပြီ၊ အာရုံကိုအမှန်သိ ဉာဏ်ပွင့်လာတော့ သမ္မာဒိဋ္ဌိဖြစ်တာပေ့ါ၊ စူးစူးစိုက်စိုက်နဲ့ စိတ်ကတည်ကြည်လာတဲ့အခါ သမာဓိ၊ ကြိုးစားအားထုတ်မှု ဝီရိယနဲ့အတူ စိတ်တွေမပျံ့လွင့်အောင် ဒီကုသိုလ်အာရုံမှာပဲထားနေရတော့ သမ္မာသတိ ဖြစ်နေပြီ၊ ကြိုတင်ဆောက်တည်ထားတဲ့ သီလမဂ္ဂင်သုံးပါးနဲ့ဆို မဂ္ဂင် ၈ ပါး၊ လောကီအလုပ်မဂ္ဂင် ၈ ပါးရပြီပဲ။ အာရုံနောက်က ကပ်ပါလာတဲ့ ကုသိုလ် အကုသိုလ်သဘောတွေကို မှတ်ခွင့်သိခွင့်ရခြင်းဟာ နည်းတဲ့အကျိုးကျေးဇူးတွေမဟုတ်ပါလား။ ယခင်က အကုသိုလ်ဖြစ်ရင် မကြိုက်ချင်ဘူး၊ ယခုတော့ အကုသိုလ်ဖြစ်ရင်လည်း ကြိုက်တတ်လာပြီ၊ ဘာကြောင့်လဲဆိုတော့ ဖြစ်တာနဲ့ ချက်ချင်းသိလို့ ...။ သတိကြောင့်၊ သိလိုက်တာနဲ့ ကုသိုလ်ဖြစ်သွားပြီလေ။ လောဘရဲ့သဘော၊ ဒေါသရဲ့သဘော၊ မောဟရဲ့သဘောကို ပိုပြီးသိလာရပြီ၊ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် သိနေတော့မှာ၊ ဒါဟာ ထပ်ကာထပ်ကာ လေ့ကျင့်ခြင်းရဲ့ ကောင်းခြင်းတွေပါပဲ။ ယခုလို ကုသိုလ်ကံမြောက်တဲ့ ကြိုးစားအားထုတ်မှုမျိုးကို သာသနာနဲ့ကြုံခိုက်မှာသာ ရနိုင်တဲ့အတွက် ကိုယ်ပြုသမျှကိုယ်ပြန်ရမယ့် အကျိုးကျေးဇူးကို မလွတ်တမ်း အသုံးချသင့်ပါတယ်။

### သင်လည်းသင် ကျင့်လည်းကျင့် အသုံးကျအောင် အသုံးလည်းချ

ကြိုးစားအားထုတ်မှုကြောင့် ရခဲလှတဲ့လူ့ဘဝဆိုတာ ကျန်တာတွေက အပါယ်ဘုံ ရောက်တာများခြင်းကို ဆိုလိုပါတယ်။ သံသရာမှာ အထက်ရောက်လိုက်၊ အောက်ရောက်လိုက်နဲ့ အကြောင်းအကျိုး၊ အကောင်းအဆိုးကို မသိခဲ့ကြလို့ပါ။ ကြောက်စရာကောင်းတာကို သိသွားတဲ့အခါ ငါတို့မှာ မသေမချာနေရမယ့်အချိန်ဆိုတာ ခန့်မှန်းလို့ မရပါလား၊ ဒါကြောင့် ရနေတဲ့လက်ရှိအချိန်ကို အကောင်းဆုံးအကျိုးဖြစ်အောင် အသုံးချကြစို့လားဟူ၍ အချင်းချင်း တိုက်တွန်းမိတတ်ကြတယ်။ သာသနာနဲ့ကြုံခိုက်မှာ သာသနာရဲ့အဆုံးအမနဲ့အညီ သဘာဝရဲ့အမှန်တရားတွေကို ဉာဏ်မီတဲ့ ပုဂ္ဂိုလ်တွေကတစ်ဆင့် လက်တွေ့လိုက်နာကျင့်ကြံ အားထုတ်နိုင်တာသည် တရားစခန်းမှာပဲ ရနိုင်တယ်၊ ထပ်ကာထပ်ကာပွားဖြစ်တာကလည်း ယခုလို ရက်ရှည်ရုံးပိတ်ခိုက်လေးမှာသာ ရနိုင်တယ်လို့ ယူဆတဲ့အတွက် အချိန်ကောင်းနေရာကောင်းကို လက်မလွှတ်သင့်ပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ရင် ကျွန်တော်တို့ဟာ ပုထုဇဉ်ဆိုတဲ့ အကုသိုလ် အတုံးအခဲကြီးဘဝမှာသာ ရှိပါသေးတယ်။ ဒုက္ခသည် အကြီးစားအဆင့်မှာ ပညာဉာဏ်ရဖို့ရာက အခွင့် အခါသင့်မှသာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တရားကို သင်သင့်တယ်၊ နာသင့်ပါတယ်၊ ခန္ဓာအကြောင်း နားလည်အောင်သင်ပြီး ကျင့်လည်းကျင့်၊ အသုံးလည်းချသင့်တယ်၊ ခန္ဓာအကြောင်း တရားအကြောင်းမသိတဲ့အခါ ဒီခန္ဓာကြီးကို အဟုတ်ထင်ပြီး စွဲမိနေကြတာ ကျွန်တော်တို့အားလုံးပဲ၊ တကယ်တော့ မိမိရဲ့အတ္တကြောင့်သာ စွဲနေတာဖြစ်ကြောင်း ဉာဏ်နဲ့ယှဉ်ပြီး သိလာအောင် ကြိုးစားနိုင်ကြရင် အကောင်းဆုံးပါပဲ။ ဉာဏ်မမီသေးတဲ့အတွက် ခပ်ခွင့်ရတုန်း ခပ်ထားမယ်၊ မပြည့်သေးရင် ပြည့်အောင်ဖြည့်ကြမယ်၊ သုံးလည်းသုံးပြီး အသုံးချကြမယ်ဆိုရင် တစ်ဆင့်ပြီး တစ်ဆင့် အသုံးကျပြီး ဉာဏ်မီတဲ့ ကလျာဏမိတ္တတွေ ဖြစ်လာကြမှာပါလို့ အားပေးချင်ပါတယ်။

ဒါကြောင့် ထပ်ပြီးသတိပေး မျှဝေချင်တာတစ်ခုက အချိန်တိုင်းဟာ တန်ဖိုးရှိနေတယ် ဆိုတာပါပဲ။ အထူးသဖြင့် ယခုလိုကာလမျိုးမှာ စက္ကန့်တိုင်းကို တန်ဖိုးရှိရှိ အသုံးချစေချင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ပါးစပ်ပြောနဲ့ ကြားဖူးနားဝ ကိုယ့်ကိုယ်ကိုယ် မသေနိုင်ဟုလည်းမထင်၊ မြဲတယ်ရယ်လို့လည်း မထင်ကြပါဘူး။ ဒါပေမယ့် မမြဲတဲ့သဘော၊ အစိုးမရတဲ့သဘောကို တကယ်တမ်းရင်ဆိုင်လာရတဲ့အခါမှာတော့ သူသူကိုယ်ကိုယ် ထိတ်လန့်မိတတ်ကြမှာပါ။ ဒီလို မရဏသဘောလေးကို အဖန်တလဲလဲ နှလုံးသွင်းခြင်းဟာ ကုသိုလ်တွေ ထပ်ကာထပ်ကာရနေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရှာနေရုံနဲ့မပြီး သုံးလည်းသုံးကြပါလို့ ဆရာတော်ကြီးတွေ၊ ဆရာ ဆရာမတွေက ဆုံးမကြခြင်းဖြစ်ပါတယ်။ တကယ်တမ်း တရားမြင်လာတဲ့အခါ တရားရှင်ဖြစ်တဲ့မြတ်စွာဘုရားကိုလည်းကြည်ညိုပြီးရင်းကြည်ညို ကျေးဇူးရှင်အဖြစ်လည်း ကျေးဇူးဆပ်ချင်လာပါလိမ့်မယ်။ ယခုလို အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်လာနိုင်လျှင်ပဲ မြတ်စွာဘုရားကို ကျေးဇူးဆပ်ရာရောက်နေပါပြီ။ ဤသို့ဖြင့် အပါယ်ဘုံဘဝမရောက်စေမယ့် သေချာတဲ့လမ်းကြောင်းမှာ လျှောက်လှမ်းနိုင်အောင်၊ ရလာတဲ့အချိန်ခဏလေးမှာ ကိုယ်ကစပြီး ကုသိုလ်အကျိုးပွားများလျက် ပတ်ဝန်းကျင်မှာလည်း ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်ရလေအောင်၊ သာသနာရဲ့အဆုံးအမတွေလည်း မပျောက်မကွယ်တည်တံ့နေအောင် အတူတကွ ကြိုးစားအားထုတ်ကြရန်သာ ဒီစာနဲ့ ဓမ္မဒါနပြုလိုက်ရခြင်း ဖြစ်ပါတယ်။ ။

**(ဂုဏ်ကျေးဇူးအထူးမြတ်သည့် ဆရာတော်ကြီးများနှင့် ဓမ္မဗျူဟာ ဆရာမကြီး ဒေါ်ခင်လှတင် အပါအဝင် မြင်ဆရာ ကြားဆရာ နာဆရာ အားလုံးကို အမှတ်တရကျေးဇူးတင်၍ ရိုသေစွာ ရှိခိုးကန်တော့လျက်ပါ။)**

# သင်္ကြန်အကြိုရက်မှစတင်၍ ပုဂံသို့ ခရီးသွားဧည့်သည် တစ်သိန်းကျော် နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိ

**ညောင်ဦး ဧပြီ ၁၅**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ သင်္ကြန်ကာလရုံးပိတ်ရက် သင်္ကြန်အကြိုရက်မှ စတင်၍ ခရီးသွားဧည့်သည် တစ်သိန်းကျော် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်းနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်ကြရန် စာရင်းပေးသွင်းမှုမှာ ဟိုတယ်၊ မိုတယ် ၉၀ စလုံး ပြည့်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများသည် ရှေးဟောင်းနံရံ ဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်း၊ အင်္ဂတေလက်ရာများကို စိတ်ဝင်တစားလေ့လာကြပြီး ခရီးသွား ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် ပြည်တွင်းဧည့်လမ်းညွှန်များ၊ ဒေသခံများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သူများသည် လေကြောင်း ခရီးဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ကားများ၊ ခရီးသွားလုပ်ငန်းကားများဖြင့်လည်းကောင်း လာရောက်ကြပြီး သင်္ကြန်ရက်များအတွင်း ဘုရားဖူးဧည့်သည် အဝင်များလျက်ရှိသဖြင့် လျှပ်စစ်စက်ဘီး၊ မြင်းလှည်း၊ တုတ်တုတ်(ခေါ်) မီနီအိုးဝေများ၊ တိုးကားများမှာ အငှားလိုက်ရပြီး ဝင်ငွေကောင်းနေကြကာ စားသောက်ဆိုင်များလည်း ဘုရားဖူးများခြင်းကြောင့် ရောင်းအားကောင်းနေကြကြောင်း သိရသည်။

**ဒီပါလင်း**



ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူး ပြည်သူများ။

# ရှမ်းရွာသစ်မြို့ ပရေကြေတိုရေတံခွန်သို့ သင်္ကြန်ပိတ်ရက်များတွင် ပြည်သူ ၁၀၀၀ ကျော် နေ့စဉ်လာရောက်ရေကစား

**ရှမ်းရွာသစ် ဧပြီ ၁၅**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ရှိ ပရေကြေတိုရေတံခွန်သို့ မဟာသင်္ကြန် ရုံးပိတ်ရက်များအတွင်း အနယ်နယ် အရပ်ရပ်မှ ပြည်တွင်းခရီးသွားပြည်သူ ၁၀၀၀ ကျော် နေ့စဉ် လာရောက်အပန်းဖြေရေကစားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ဘားအံမြို့ကနေ လာပြီးရေကစားကြတာပါ။ သူငယ်ချင်းတွေ စုပေါင်းပြီး လာရောက် အပန်းဖြေရေကစားတာပါ။ ရေတံခွန်မှာ အခြားဒေသတွေက ခရီးသွားဧည့်သည်တွေ လာရောက်အပန်းဖြေနေကြတာတွေလည်း ရှိပါတယ်။ မဟာသင်္ကြန် ရုံးပိတ်ရက်ကာလမှာ ခရီးသွားပြည်သူတွေ ပိုပြီး လာရောက်တယ်လို့လည်း သိရပါတယ်။ ပရေကြေတိုရေတံခွန်ဟာ ကရင်ပြည်နယ်ရဲ့ အထင်ကရနေရာတစ်ခုဖြစ်ပြီး တောတောင်တွေကြားက သာယာလှပအေးချမ်းတဲ့ ပရေကြေတိုရေတံခွန်ကို လာရောက်ပြီး အပန်းဖြေအနားယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု လာရောက်အပန်းဖြေသည့် ခရီးသွားပြည်သူတစ်ဦးက ပြောသည်။



ပရေကြေတိုရေတံခွန်သည် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု ပရေကြေထကျေးရွာတွင် တည်ရှိပြီး ရှမ်းရွာသစ်မြို့မှ သုံးမိုင်ခန့်ကွာဝေးကာ ကျောက်ထပ်ရှစ်ဆင့်ရှိတောင်ကုန်း၊ တောင်တန်းများကြားမှ အေးမြကြည်လင်နေသော ရေများဖြင့် သဘာဝအတိုင်း ဖြစ်ပေါ်နေသော ရေတံခွန်တစ်ခုလည်း ဖြစ်သည်။ ကရင်ပြည်နယ်အတွင်း ထင်ရှားသည့် ရေတံခွန်တစ်ခုလည်းဖြစ်ပြီး သင်္ကြန်ပိတ်ရက်တွင် အနယ်နယ် အရပ်ရပ်မှ ပြည်သူများက ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အဖွဲ့လိုက် နေ့စဉ်လာရောက်ရေကစား၍ အပန်းဖြေ အနားယူကြသလို ရာသီပေါ်ဒေသထွက် အစားအစာ ရောင်းချသူများ အနေဖြင့်လည်း ယခုရက်များအတွင်း အပိုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## အထွက်တိုး ထိုင်းမျိုးစပါး တစ်ဧက တင်း ၁၅၀ နှုန်းထွက်ရှိ

**တိုက်ကြီး ဧပြီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အထွက်တိုးမျိုးစပါး ထိုင်းမျိုးစပါး စိုက်ခင်းကို ဧပြီ ၁၃ ရက်က ရိတ်သိမ်းခဲ့သည်။ အဆိုပါ အထွက်တိုးမျိုးစပါး ရိတ်သိမ်းမှုကို တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုအုပ်ချုပ်မှု ဒါရိုက်တာ ဦးကံချွန်၊ ရွှေမေ သမဝါယမအသင်းမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး စိုက်ပျိုးခဲ့သည့် ၂ ဒသမ ၄ ဧကမှ တစ်ဧကလျှင် တင်း ၁၅၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ငါးသင်းအနေဖြင့် ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်း၍ အထွက်တိုးစပါး ထိုင်းမျိုးစိုက်ပျိုးခြင်းကို ၁၆ ဒသမ ၈ ဧကတွင် တောင်သူ ခြောက်ဦးဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ရွှေမေ သမဝါယမအသင်းအနေဖြင့်လည်း မျိုးအိတ်များ အခမဲ့ထုတ်ပေးခြင်း၊ ထွန်ယက်စိုက်ပျိုးမှု ကုန်ကျငွေများ ပံ့ပိုးပေးခြင်းအပြင် ထွက်ရှိလာမည့် မျိုးစပါးများကိုလည်း ဒေသ၏ ကာလပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သင်္ကြန်အကြတ်နေ့တွင် ပွင့်ဖြူမြို့အနီးရှိ မုန်းချောင်းအတွင်း ရေကစားသူများ စည်ကားလျက်ရှိ

**ပွင့်ဖြူ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့အနီးရှိ မုန်းချောင်းအတွင်း၌ အတာသင်္ကြန်အကြတ်နေ့တွင် လာရောက်အပန်းဖြေရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"မုန်းချောင်းက ပွင့်ဖြူမြို့ကို ရစ်ခွေစီးဆင်းနေတာ ဖြစ်ပါတယ်။ အခုလို နွေရာသီကာလ သင်္ကြန်ပွဲတော်အချိန်အခါမှာဆိုရင် မုန်းချောင်းရေက အနက်သုံးပေလောက်ပဲ စီးဆင်းနေတာကြောင့် ဒေသခံပြည်သူတွေနဲ့ ရပ်ဝေးရပ်နီးက သင်္ကြန်ရေပက်ခံထွက်ကြတဲ့ ပြည်သူတွေက မုန်းချောင်းကို လာရောက်ပြီး အပူရှောင် ရေကစားကြတယ်။ ဒါ့ကြောင့် ခုလို သင်္ကြန်ရက်တွေမှာ ပွင့်ဖြူမြို့အနီးက မုန်းချောင်းမှာ လာရောက်အပန်းဖြေရေကစားကြသူတွေနဲ့ စည်ကားနေပါတယ်" ဟု ပွင့်ဖြူမြို့ပေါ်ရှိ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့အနီးရှိ မုန်းချောင်းသည် အရှည် ၁၉၆ မိုင် ရှည်လျားပြီး ဝိတိုရိယတောင်/ခေါနုသုမ်(ခေါ်) နတ်မတောင်ထိပ်၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်များတွင် မြစ်ဖျားခံ၍ မင်းဘူးခရိုင်အတွင်းသို့ စေတုတ္တရာမြို့နယ်၏ မြောက်ဘက်မှ စီးဝင်စီးဆင်းကာ ပွင့်ဖြူမြို့ကို ရစ်ခွေစီးဆင်းလျက်ရှိသည်။ သင်္ကြန်ကာလတွင် မုန်းချောင်းအတွင်းသို့ ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ခရီးသွားပြည်သူများက အပူရှောင် လာရောက်ရေကစားခြင်း၊ အပန်းဖြေအနားယူခြင်းများကြောင့် နှစ်စဉ် စည်ကားလေ့ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# MSME လုပ်ငန်းများဖြင့် ပြည်နယ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်မည်

*ဇညားဦး*



မွန်ပြည်နယ်တွင် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ ကိုလိုနီခေတ် အဆောက်အဦ၊ ပထမနှစ်ခြင်းအသင်းတော်၊ စိန်တုံးမိဖုရား၏ အုတ်ဂူ၊ စတုတ္ထမင်းသမီးနှင့် ၎င်း၏သားတော်၊ သမီးတော်တို့၏ အုတ်ဂူ စသည်ဖြင့် သမိုင်းကြောင်းနှင့် ဆက်စပ်နေသည့် ရှေးဟောင်း အဆောက်အဦများစွာတည်ရှိနေသည်။ ပြည်နယ်အတွင်း ထင်ရှားသော တန်ခိုးကြီးဘုရား များစွာ တည်ရှိသည့်အပြင် မွန်ရိုးရာဓလေ့များက နှစ်လိုဖွယ်ကောင်းလှသည်။ သာယာလှပသော အပန်းဖြေ အနားယူစရာကမ်းခြေများ၊ ဒေသထွက်ကုန်များစွာ ထွက်ရှိသည့်အတွက် အစားအစာပေါကြွယ်လှသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

### အရောင်းပြခန်းများ စုစည်းပြသ

ထိုကဲ့သို့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များစွာ၊ ဒေသထုတ်ကုန်များစွာတည်ရှိနေသော ပြည်နယ်ဖြစ်သည့်အတွက် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ပေါ်လွင်စေသော မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ ဒေသထုတ်ကုန်များ များစွာပြသထားသော အရောင်းပြခန်းများ၊ ရိုးရာအစားအစာ အရောင်းပြခန်းများကို နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ ကျင်းပရာ၌ စုစည်းပြသရောင်းချခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့ပြည်နယ်က ရာသီဥတုကောင်းတယ်။ စိုက်ပျိုးရေး ထွက်ကုန်တွေ အများကြီးထွက်တယ်။ ရိုးရာလက်မှုလုပ်ငန်းတွေရှိတယ်။ ဒါတွေက ပြည်နယ်ရဲ့ အခြေခံစီးပွားရေးဖြစ်တဲ့အတွက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ဒီလုပ်ငန်းတွေကို အခြေခံပြုပြီး ဖွံ့ဖြိုးရေးကို ဦးတည်စဉ်းစားရတယ်။ ဒေသလုပ်ငန်းအများစုကို ထင်ဟပ်တဲ့ MSME လုပ်ငန်းဖွံ့ဖြိုးရေးကို ဦးတည်ရတယ်။ ပြည်ပပို့ကုန် ပိုပြီးပို့လာနိုင်ရင် ဒေသဝင်ငွေပိုရလာမယ်။ဒါကြောင့် ပြည်တွင်းသာမကဘဲ ပြည်ပကို တစ်နှစ်ထက်တစ်နှစ် ပို့ကုန်ပိုမိုတင်ပို့နိုင်ဖို့ MSME နဲ့ပတ်သက်တဲ့ ထုတ်လုပ်မှုအပိုင်း၊ Packaging အပိုင်း၊ Financial အပိုင်း၊ Marketing အပိုင်း၊ Management အပိုင်း စတဲ့ ဆိုင်ရာအပိုင်းအားလုံးကို သက်ဆိုင်ရာဌာနတွေနဲ့ စဉ်ဆက်မပြတ်လုပ်ဆောင်ပေးနေပါတယ်။ ဒီအတွက်ရည်ရွယ်ပြီး ပြည်နယ်နေ့ကျင်းပရာမှာလည်း MSME ကဏ္ဍအတွက် အရောင်းပြခန်းတွေ ထည့်သွင်းကျင်းပခဲ့ပါတယ်" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ပြောကြားသည်။

၂၀၂၄ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀) ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနား ကျင်းပခဲ့ရာတွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့အပြင် ပညာရေးပြခန်း၊ ကျန်းမာရေးပြခန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ထုတ်ကုန်ပြခန်းနှင့် ဒေသထွက်သစ်သီးဝလံပြခန်း၊ ရိုးရာအစားအစာအရောင်းပြခန်းများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တာ အောင်အောင်မြင်မြင် စည်စည်ကားကား ပါဝင်ပြသနိုင်ခဲ့ပြီးဖြစ်သည်။

### လုပ်ငန်းရှင်များ စိတ်ဝင်တစားလေ့လာ

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပညာပေးပြခန်းတွင် ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ရေချိုရေငန် ငါး/ပုစွန်များကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအရ တိုင်းရင်းငါးဖယ်အောင်းနှင့် ငါးဖယ်မျိုးစိတ်နှစ်မျိုးကို စမ်းသပ်သားဖောက်မွေးမြူပြသရန်အတွက် ကြိုတင်ဆောင်ရွက်မှုလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်အတွင်းရှိ အအေးခန်းများမှ ရေထွက်ကုန်ကြမ်းများကို အေးခဲပြုပြင်မွမ်းမံပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေမှုများကိုလည်းကောင်း ပြသခဲ့ရာ MSME လုပ်ငန်းရှင်များ စိတ်ဝင်တစားလေ့လာခဲ့သည့် ပြခန်းတစ်ခုဖြစ်ခဲ့သည်။

ပြည်နယ်သည် ရေထွက်ကုန်များစွာ ထွက်ရှိသည် ဖြစ်သည့်အတွက် ရေထွက်ကုန်ပစ္စည်းများကို ငါးမုန့်ခြောက်၊ ငါးခြောက်၊ ပုစွန်ခြောက်တို့အဖြစ် ထုတ်လုပ်ရောင်းချမှုအပြင် အသေးစား၊ အငယ်စား အိမ်တွင်းမှုပြုပြင်မွမ်းမံခြင်းလုပ်ငန်းများမှ အသင့်စားသုံးနိုင်သည့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အတွင်းမှ ရေထွက်ကုန်ပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် ငါးနှပ်ခြောက်(အသင့်ချက်)၊ ငါးတံခွန်ခြောက်(အသင့်ချက်)၊ ငါးမုန့်ခြောက်၊ ပုစွန်ခြောက်၊ ဗာလချောင်ကြော်၊ ငါးမီးတံသွယ်ခြောက်(အသင့်ချက်/ကြော်)၊ ငါးပိရေကျို (ကျိုက်ထို)တို့ကို ပြခန်းတွင် ပါဝင်ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခဲ့ရာ အထူးရောင်းချခဲ့ရသည်။

ပြခန်းများပြသရာတွင် မွန်ပြည်နယ်၏ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) ထုတ်ကုန်များဖြစ်သော ရော်ဘာလုပ်ငန်းမှ RSS-1,2,3,4,5၊ MSR-10-20၊ TSR-20၊ ရော်ဘာသားရေကွင်း၊ ပူဖောင်း၊ မွန်ရိုးရာအဝတ်အထည်များ၊ မုဒုံစောင်နှင့် ရက်ကန်းထည်များ၊ သစ်သီးယိုမျိုးစုံများ၊ ဝါးနှင့်ပတ်သက်သော လက်မှုပစ္စည်းထည်များ၊ သစ်သားပန်းပုလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ကို ပါဝင်ပြသခဲ့သည်။

ထို့အတူ မွန်ပြည်နယ်၏ သွင်းကုန်အစားထိုးထုတ်ကုန်များဖြစ်သည့် အရိုးမြေဩဇာ၊ ရွှေဇီဝသဘာဝမြေဩဇာနှင့် လနတ်သားဂျစ်ဆမ်သဘာဝကျောက်မှုန့်မြေဩဇာတို့ကိုလည်း ပါဝင်ပြခဲ့သည်။ မွန်ပြည်နယ်၏ ပြည်ပပို့ကုန်ဖြစ်သော ခရမ့်ရော်ဘာများ၊ ရော်ဘာသစ်ခွဲသားနှင့် သစ်ပါးလွှာများ၊ ဝဥခြောက်၊ဝဥမှုန့်နှင့် ဝဥနှင့် ပတ်သက်သော Value Added ထုတ်ကုန်များ၊ ကွမ်းသီးခြောက်နှင့် ကွမ်းသီးနုပေါင်းတို့ကိုလည်း ပြသရောင်းချခဲ့သည့်အပြင် မော်လမြိုင်စက်မှုဇုန်ထုတ် ထုတ်ကုန်များ၊ အသေးစားစက်မှုထုတ်ကုန်များ၊ သမဝါယမအသင်းများ၏ ထုတ်ကုန်များ စသည်ဖြင့် ပြခန်းစုစုပေါင်း ၅၈ ခန်းကို မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် အများပြည်သူသိရှိစေရန် စုစည်းပြသနိုင်ခဲ့သည်။

"ဆားလုပ်ငန်းပြခန်းကို ပြည်နယ်နေ့မှာ ပါဝင်ပြသထားပါတယ်။ ပြည်နယ်ရဲ့ ဆားလုပ်ငန်းက ပြည်တွင်း ပြည်ပတင်ပို့နေတဲ့ နာမည်ရပြီးသား MSME လုပ်ငန်းတစ်ခုပါ။ ဒါကြောင့် MSME ဖွံ့ဖြိုးရေး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လုပ်ဆောင်နေတာကို ကြိုဆိုပါတယ်။ ပြည်နယ်ရဲ့ဆားလုပ်ငန်းတွေကို ပြည်ပကနေ ကမ်းလှမ်းတာတွေရှိတဲ့အတွက် ပိုပြီး တင်ပို့နိုင်ဖို့ မျှော်မှန်းလုပ်ဆောင်နေပါတယ်" ဟု တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ရန် (MoU) ရေးထိုးထားပြီးဖြစ်သည့် မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်က ပြောသည်။

မွန်ပြည်နယ်တွင် ပုဂ္ဂလိက နေလှန်းဆားကြမ်းထုတ်လုပ်သော ဆားတောင်သူ ၉၀၊ အိုင်အိုဒင်းဆားချော ထုတ်လုပ်သောလုပ်ငန်းရှင် ၁၅ ဦးနှင့် အပိုဓာတ်ဆားထုတ်လုပ်သော လုပ်ငန်းရှင်တစ်ဦးတို့သည် ဆားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်အတွင်း MSME လုပ်ငန်း စုစုပေါင်း ၁၃၄၉၂ ခု ရှိပြီး ရော်ဘာလုပ်ငန်းသည် ပြည်နယ်အတွက် ပြည်ပဝင်ငွေ အဓိကရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ပြည်နယ်အတွင်း ရော်ဘာလုပ်ငန်းလုပ်ကိုင်နေသည့် မှိုင်းခံရော်ဘာစက်ရုံ ၂၆ ရုံ၊ ခရမ့်ရော်ဘာစက်ရုံ ၁၁ ရုံ၊ ပူဖောင်းစက်ရုံ ၁၈ ရုံနှင့် ရော်ဘာသစ်ပါးလွှာ/ ခွဲသားစက်ရုံ ၂၄ ရုံ ရှိသည်။

"ဒေသထွက် ရော်ဘာကုန်ကြမ်းကို ကုန်ချောထုတ်လုပ် ရောင်းချလျက်ရှိပါတယ်။ နှစ်စဉ် တန်ချိန် လေးသောင်းခန့် ထွက်ရှိပါတယ်။ တစ်နိုင်ငံလုံး တင်ပို့ရောင်းချမှုရဲ့ ၃၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အစိမ်းပြား၊ အထူးပြား၊ အပါးပြား၊ ခွက်ကျန်၊ မှိုင်းခံထုပ် စတဲ့ကုန်ကြမ်းတွေကို ဒေသကနေ ဝယ်ယူထုတ်လုပ်လျက်ရှိပါတယ်။ ဒေသကထွက်ကုန်ပေါ်မှာ ထုတ်လုပ်တဲ့ MSME လုပ်ငန်းတစ်ခု ဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေကိုလည်း အလုပ်အကိုင်ရရှိစေပါတယ်။ ကျွန်တော်တို့ လုပ်ငန်းမှာဆိုရင် လခစားဝန်ထမ်းနဲ့ နေ့စားဝန်ထမ်း စုစုပေါင်း ၂၀၀ ကျော်ရှိပါတယ်။ ဒေသနဲ့ကိုက်ညီတယ်၊ ဒေသအလုပ်အကိုင်အခွင့်အလမ်းလည်းရတယ်။ ကျွန်တော်တို့စက်ရုံက ပြည်ပပို့ကုန်အဖြစ် နိုင်ငံတကာတာယာစက်ရုံတွေက လိုအပ်တဲ့ ခရမ့်ရော်ဘာ MSR10+SBR၊ MSR20+SBR နဲ့ RSSMSR+SBR တို့ကို အရည်အသွေးစံချိန်စံညွှန်းအတိုင်း ထုတ်လုပ်တင်ပို့လျက်ရှိပါတယ်"ဟု ရော်ဘာကုန်ချောထုတ်လုပ်သည့် ဖူရှင်းဘရားသား(စ်)ကုမ္ပဏီမှ စက်ရုံမှူးက ပြောသည်။

### မွန်ရိုးရာအထည်များကို ပြည်သူအများနှစ်သက်

ပြည်နယ်အတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များတွင် မွန်ရိုးရာအထည်များ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများလည်း ပါဝင်သည်။ မွန်ရိုးရာအထည်များကို မွန်တိုင်းရင်းသားများသာမက ပြည်သူအများ နှစ်သက်စွာ ဝယ်ယူဝတ်ဆင်ကြသည့်အတွက် မွန်ရိုးရာဓလေ့များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်နယ်အတွင်း ရိုးရာအထည် ရက်လုပ်ရောင်းချသူများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်တွင်ထည့်သွင်းကာ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၂၁ သို့*

**"နိုင်ငံ့စီးပွား၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ထို့အတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းအများစုဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်စီးပွားဖွံ့ဖြိုးရေးဖော်ဆောင်ရာတွင် ပြည်နယ်အတွင်းမှ လုပ်ငန်းအများစုဖြစ်သည့် ပြည်နယ်၏ MSME များ ဖွံ့ဖြိုးရေးကို အလေးပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ"**

# မုဒုံမြို့ ဘုရားစေတီပုထိုးများ၌ မဟာသင်္ကြန်အကြတ်နေ့တွင် ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား



**မုဒုံ ဧပြီ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် မဟာသင်္ကြန် (အကြတ်နေ့)၌ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

မဟာသင်္ကြန် (အကြတ်နေ့) နံနက်ပိုင်းမှစတင်၍ မုဒုံမြို့ရှိ အထင်ကရတန်ခိုးကြီးဘုရားဖြစ်သည့် အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး၊ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး စသည့် စေတီပုထိုးများတွင် ဒေသခံပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်းအမွှေးနံ့သာများနှင့် ရွှေကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်ကြပြီး တရားစခန်းများတွင်လည်း ဥပုသ်သီလဆောက်တည်ကြသည့်အပြင် တရားဘာဝနာပွားများကြသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် စတုဒိသာများ ကျွေးမွေးဧည့်ခံလျက်ရှိသလို ရေကစားမဏ္ဍပ်များတွင်လည်း ပြည်သူများက ရေကစား၍ အတာသင်္ကြန် ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# မိုင်းယုမြို့၌ ရိုးရာခလေ့ နတ်ငါးခေါ်ယူ ဆုတောင်းပွဲပြုလုပ်

**မိုင်းယု ဧပြီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့နေ ဒေသခံရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ အေးချမ်းသာယာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆန်ရေစပါး ပေါများစေရန်၊ ကျန်းမာရေးကောင်းမွန်စေရန်၊ စီးပွားရေးလာဘ်လာဘ တိုးတက် ကောင်းမွန်စေရန် ရည်ရွယ်လျက် ရိုးရာခလေ့ နတ်ငါးခေါ်ယူ ဆုတောင်းခြင်းကို နှစ်စဉ် တန်ခူးလဆန်း ၁၅ ရက်တွင် ပြုလုပ်ကြရာ ယခုနှစ်တွင်လည်း သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက မြို့ဘေးရှိ နမ့်လွေချောင်းကမ်းစပ်၌ ကျင်းပပြုလုပ်သည်။



အဆိုပါ နတ်ငါးပူဇော်ပွဲပြုလုပ်ရာတွင် နတ်ငါးခေါ်ယူမည့် မိုင်းယုမြို့ပေါ်နှင့် ကျေးရွာများမှ ကာလသားများသည် မိသားစုနှင့် ခွဲနေရပြီး တစ်ရွာလျှင် နှစ်ဦးစီဖြင့် စုစုပေါင်း ၂၀ ခန့်က နတ်ငါးသွားရောက်ခေါ်သည့် အခါတွင် လူသူမသိအောင် နံနက် ၂ နာရီခန့် မှစ၍ တိတ်တဆိတ် လှေများဖြင့် သွားရကြောင်း၊ နမ့်လွေချောင်း စီးဆင်းရာတစ်လျှောက်ရှိ မိုင်းလွေကျေးရွာအုပ်စု ဝမ်ယမ်းခမ်းကျေးရွာအထိ သွားရောက်ရပြီး နတ်ငါးခေါ်ယူနေစဉ်တွင် မည်သည့်ရေသတ္တဝါတစ်ကောင်မဆို ချောင်းအတွင်းမှ လှေပေါ်သို့ ခုန်တက်ပြခြင်း၊ ကိုယ်ရောင်ပြခြင်းစသည့် လိုက်ပါကြောင်း နိမိတ်လက္ခဏာပြလေ့ရှိကြောင်း၊ ခေါ်ဆောင်မှုအပြီးတွင် ၎င်းအဖွဲ့များက ပျော်ရွှင်စွာ အိုးစည်ဗုံမောင်းတီး၍ ယင်းချောင်းတစ်လျှောက် ကမ်းဘေးတွင်တည်ရှိသော ကျေးရွာများသို့ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ပြသအလှူခံကာ ပြန်လာခဲ့ကြောင်း သိရသည်။

ယင်းနောက် ကမ်းစပ်တွင် မြို့/ရပ်ရွာအုပ်ချုပ်သူက ဦးဆောင်ကာ မြို့မိမြို့ဖများနှင့် နတ်ငါးခေါ်သည့်အဖွဲ့များက ရိုးရာခလေ့လုပ်ထုံးလုပ်နည်းများဖြင့် ပူဇော်ကြခြင်း၊ အဖွဲ့များအားလုံးက မိမိတို့ဒေသ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆန်ရေစပါးပေါများစေရန်၊ ကျန်းမာရေးနှင့် စီးပွားလာဘ်လာဘ တိုးတက်ကောင်းမွန်စေရန် ဆုတောင်းမှုများ ပြုလုပ်ကြရကြောင်း မိုင်းယုမြို့မိမြို့ဖများထံမှ သိရသည်။

**ကိုကိုနိုင်**

# ပေါင်မြို့နယ်၌ တရားစခန်းများ ဖွင့်လှစ်လျက်ရှိ

**ပေါင် ဧပြီ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သင်္ကြန်ရက်များအတွင်း ကုသိုလ်ကောင်းမှုပြုလိုသူများအတွက် သတိပဋ္ဌာန်အလုပ်ပေးနှင့် ဝိပဿနာ တရားရှုမှတ်နိုင်ရန် တရားစခန်းများကို ရာမညနိကာယ ပရိယတ္တိကဒုံစီးတိုက်ကျောင်းနှင့် ရိပ်သာများ၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါတရားစခန်းများသည် ခုနစ်ရက်တရားစခန်းများဖြစ်ပြီး တရားစခန်းဝင်ရောက်လာသည့် ယောဂီများအား ဆရာတော်ကြီးများက သစ္စာတရားတော်နှင့်ပတ်သက်သည့် တရားတော်များ၊ သတိပဋ္ဌာန်အလုပ်ပေးတရားများနှင့် ဝိပဿနာတရားရှုမှတ်နည်းများကို သင်ကြားဟောပြောရှုမှတ်စေပြီး တရားစခန်းများရှိ ဆရာတော်ကြီးများနှင့် ယောဂီများသုံးဆောင်နိုင်ရန် ဆွမ်းနှင့် အာဟာရဒါနများကိုလည်း စေတနာရှင် အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## သင်္ကြန်ရက်များအတွင်း ပင်းတယမြို့နယ် အထင်ကရနေရာများ၌ လာရောက်လည်ပတ်သူများ စည်ကားလျက်ရှိ

**ပင်းတယ ဧပြီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ နှစ်သစ်ကူးရုံးပိတ်ရက် သင်္ကြန်ကာလအတွင်း လာရောက်လည်ပတ်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားနှင့် တန်ခိုးကြီးဘုရားစေတီများတွင် ရပ်နီး/ရပ်ဝေးမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး သဘာဝပုန်းတလုတ်ရေကန်ပတ်ဝန်းကျင်၊ ဇော်ဂျီသဘာဝရေထွက်ချောင်းနှင့် အခြားသော အထင်ကရနေရာများတွင် နှစ်သစ်ကူးရုံးပိတ်ရက် သင်္ကြန်ကာလ၌ ရပ်နီး/ရပ်ဝေးမှ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

"ခေတ်ကာလပြောင်းလဲလာတော့ အရင်လို ရက်ကန်းတစ်ခုတည်းပေါ်မှာ မှီခိုလို့မရတော့ တခြားလုပ်ငန်းတွေ ပြောင်းလဲလုပ်ကိုင်ကြတာမျိုးတွေတော့ရှိပါတယ်။ အားသာချက်တစ်ခုက ဈေးကွက်မှာ နေရာ တစ်ခုရှိတဲ့ ရိုးရာဝတ်စုံဖြစ်တဲ့အတွက် ဒီလုပ်ငန်းလုပ်ကိုင်နေတဲ့ သူတွေအတွက် အခွင့်အလမ်းတစ်ခုပါ။ ဒီအခွင့်အလမ်းကို လုပ်ငန်းလုပ်ကိုင်သူတွေဆုပ်ကိုင်နိုင်ဖို့ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေက ကူညီပေးပါတယ်။ ပြပွဲတွေပြသတိုင်း ပါဝင်ပြသဖို့ ဖိတ်ခေါ်တယ်။ နည်းပညာဖွံ့ဖြိုးရေးအတွက် သင်တန်းတွေလည်း ဖွင့်ပေးပါတယ်" ဟု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် MSME အရောင်းပြခန်းများတွင် ပါဝင်ပြသခဲ့သည့် မော်လမြိုင်မြို့မှ WE-mon မွန်ရိုးရာအထည်လုပ်ငန်းတာဝန်ခံ ဒေါ်မရမ်ယိမ်းနန်က ပြောသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွား၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ထို့အတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းအများစုဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်စီးပွားဖွံ့ဖြိုးရေးဖော်ဆောင်ရာတွင် ပြည်နယ်အတွင်းမှ လုပ်ငန်းအများစုဖြစ်သည့် ပြည်နယ်၏ MSME များ ဖွံ့ဖြိုးရေးကို အလေးပေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ဝါးနှင့်ပတ်သက်သော လက်မှုပစ္စည်းများကို လက်တွေ့ပြသနေစဉ်။



သမဝါယမပြခန်းအား ပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။




MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသော ထုတ်ကုန်များကို တွေ့ရစဉ်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များအပါအဝင် နေ့ထူးနေ့မြတ်ကျင်းပပြုလုပ်သည့်ပွဲတော်များတွင် ပြည်နယ်၏ MSME လုပ်ငန်းများကို ပါဝင်ပြသခြင်း၊ ကူညီအားပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်အတွင်းမှ MSME ထုတ်ကုန်များ ထုတ်လုပ်မှု၊ ထုပ်ပိုးမှု၊ ဈေးကွက်ရရှိမှု စသည့်ကွင်းဆက်တစ်လျှောက်လုံး အချိုးညီညီ ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# မဟာသင်္ကြန်အကြတ်နေ့ မြစ်ကြီးနားမြို့ပေါ်ရှိ မဟာသင်္ကြန်မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်တို့တွင် အေးချမ်းပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကား

**မြစ်ကြီးနား မေ ၁၅**

ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အကြတ်နေ့ မေ ၁၅ ရက်တွင် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တို့တွင် ရေကစားသူများ၊ လည်ပတ်သူများဖြင့် ယခင်နေ့များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေသဘင်မဏ္ဍပ်များသို့ သွားရောက်ပြီး သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့သည် နယ်မြေခံတပ်နယ်မိသားစုများအတာရေသဘင်မဏ္ဍပ်သို့ သွားရောက်ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ရာဇာထွန်းနှင့်ဇနီး၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် သိန်းထူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်မိသားစုများနှင့်အတူ ရေသဘင်မဏ္ဍပ်၌ တပ်နယ်အသီးသီးမှ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည့် ယိမ်းအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နံ့သာရည်သပြေခက်ဖြင့် အတာရေကို ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မဏ္ဍပ်တွင် ခေတ်ပေါ်တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးသီချင်းသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကာ တပ်နယ်မိသားစုများနှင့်အတူ ရေသဘင်ပွဲတော်ကို တပျော်တပါး ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ထို့နောက်တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဗဟိုမဏ္ဍပ်သို့ သွားရောက်ပြီး ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင်ရေကစားသူများ၊လာရောက်လည်ပတ်သူများ၊ သင်္ကြန်ချစ်သူများဖြင့် စည်ကားသိုက်မြိုက်မှုကို ကြည့်ရှုအားပေးပြီး ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးသီချင်း အကအလှများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ဆမားလမ်းမပေါ်ရှိ ဌာနဆိုင်ရာများနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ်ငါးခုတို့တွင်လည်း မဟာသင်္ကြန်အကြတ်နေ့တွင် ခေတ်ပေါ်တေးသီချင်းဂီတများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် လမ်းလျှောက်သင်္ကြန်ပြုလုပ်သည့် လမ်းပေါ်ရှိ စတုဒိသာမဏ္ဍပ်များတွင်လည်း ဌာနဆိုင်ရာများက နံနက်၊နေ့လယ်နှစ်ကြိမ် သင်္ကြန်ပွဲတော်လာရောက်သူများကို ဧည့်ခံကျွေးမွေးလျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များတွင်လည်း ရေပက်ကစားသူများဖြင့် ယခင်နေ့များထက် အထူးစည်ကားလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ အေးချမ်းပျော်ရွှင်စွာနှင့် စည်ကားသိုက်မြိုက်စွာကျင်းပနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မေ ၁၅**

၁၃၈၅ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြို့နယ်အသီးသီးတွင် သင်္ကြန်အကြတ်နေ့ကို အေးချမ်းပျော်ရွှင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၅ ရက်တွင် မော်လမြိုင်မြို့ ငုရွှေဝါမြိုင်ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြမှုအပေါ် ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်တို့သည် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ ရွှေဝင်းဝါဖူးရေကစားမဏ္ဍပ်နှင့် ဗဟိုမဏ္ဍပ်တွင် ပျော်ရွှင်စွာနှင့်စည်ကားသိုက်မြိုက်စွာ ရေကစားခြင်း၊ အများပြည်သူများ ရေပက်ခံထွက်ခြင်းများ၊ လှပျိုဖြူလေးများ၏ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများ၊ ခေတ်ပေါ်တေးဂီတဝိုင်းတော်သားများနှင့် တေးသံရှင်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများအပေါ် ကြည့်ရှုအားပေးကြပြီး အတာရေစင် အမွှေးနံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာနှင့်စည်ကားသိုက်မြိုက်စွာ ရေကစားခြင်း၊ အများပြည်သူများ ရေပက်ခံထွက်ခြင်းများ၊ စတုဒိသာ ကျွေးမွေးခြင်းများဖြင့် စည်ကား များပြားလျက်ရှိကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





# ချင်းပြည်နယ်ဝန်ကြီးချုပ် မဟာသင်္ကြန်အကြတ်နေ့ကျင်းပနေမှု ကြည့်ရှုအားပေး

**ဟားခါး မေ ၁၅**

၁၃၈၅ ခုနှစ် ချင်းပြည်နယ် မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးတပ်နယ် အားကစားကွင်း မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချို၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး စိုးဝင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယိမ်းအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုနှင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

**စတုဒိသာဖြင့်ဧည့်ခံကျွေးမွေး**

အကြတ်နေ့ နံနက်ပိုင်းတွင် ပိတောက်နတ်သမီး၊ ပိတောက်ဇေရီ၊ ပိတောက်လွမ်းသူ၊ ချယ်ရီမယ်၊ သပြေတို့အရွယ်၊ အမေများ၊ လုံမယ်လေးနှင့် ငုဝါလေးများ ယိမ်းအဖွဲ့တို့က လည်းကောင်း၊ ညနေပိုင်းတွင် နွယ်ဦးကဗျာ၊ ခေတ်သစ်ပျိုမေ၊ ပိတောက်ချယ်ရီ၊ ပိတောက်ရွှေဝါ၊ ငုရွှေစင်မေ၊ ယမင်းရွှေစင်နှင့် ရဲသူဇာယိမ်းအဖွဲ့တို့ကလည်းကောင်း ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကာ သင်္ကြန်ပွဲတော် အကြတ်နေ့သို့ တက်ရောက် ကြည့်ရှုအားပေးကြသူများကို စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖြစ်သော Wilmar Myanmar Port Terminal (Wilmer)ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တင်ပို့ခဲ့သည်။

အလားတူ မြန်မာ့စက်မှုဆိပ်ကမ်း(MIP-4)၊ အေးရှားဝေါလ်ဆိပ်ကမ်း(AWPT-3)တို့မှ သဘော်သုံးစင်းဖြင့် ရေထွက်ကုန်ပစ္စည်း၊ ဆန်၊ ပဲ၊ ချုပ်ပြီးအထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ကုန်သေတ္တာအခွံ၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများ တင်ဆောင်ထွက်ခွာသွားကြောင်း သိရသည်။ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-3)၊ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT-1)၊ (AWPT-3) တို့မှလည်း ပို့ကုန် ဆန်၊ ပဲ၊ ပြောင်းများ သင်္ဘောတင်ဆောင်လျက်ရှိသည်။



ထို့အပြင် မေ ၁၆ ရက်တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-3) မှ ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀၊ မင်းထက်မင်းဆိပ်ကမ်း (MHM) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၊ International Bulk Terminal Thilawa (IBTT) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀၊ မေ ၁၉ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း The Myanmar Terminal (TMT) မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း မေလတွင် ရာထူးမှနုတ်ထွက်ပြီး ဆက်ခံသူအား အပြည့်အဝထောက်ခံရန် တောင်းဆို



**စင်ကာပူ မေ ၁၅**

ဝန်ကြီးချုပ်ရုံး (ပီအမ်အို) ၏ မေ ၁၅ ရက် ထုတ်ပြန်ချက်တွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက လာမည့် မေ ၁၅ ရက်တွင် ရာထူးမှ အနားယူမည်ဟု ပြောကြားလိုက်ကြောင်း ဖော်ပြထားသည်။

လီရှန်လွန်းက ၎င်း၏နေရာကို ဆက်ခံရန် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး လောရင့်စ်ဝေါင်ကို ခန့်အပ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတအား တရားဝင် အကြံပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဝေါင် သည် အာဏာရပြည်သူ့လှုပ်ရှားမှုပါတီအဖွဲ့ဝင်များ၏ တညီတညွတ်တည်း ထောက်ခံမှုရရှိထားသူဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်အသစ်ကို စင်ကာပူသမ္မတနန်းတော် အစ္စတာနာ၌ လာမည့် မေ ၁၅ ရက် ည ၈ နာရီတွင် ကျမ်းသစ္စာကျိန်ဆိုသွားဖွယ်ရှိသည်။ ပီအမ်အိုက ကြေညာချက်ထုတ်ပြန်ပြီးနောက် လူမှုကွန်ရက်တွင် လီရှန်လွန်းက လောရင့်စ်ဝေါင်နှင့် စတုတ္ထမျိုးဆက်ခေါင်းဆောင်မှုအဖွဲ့ (4G team) ကို ပံ့ပိုးကူညီရေးနှင့် ပတ်သက်ပြီး စင်ကာပူနိုင်ငံသားများကို တောင်းဆိုထားသည်။

လောရင့်စ်နှင့် 4G team သည် ကပ်ရောဂါကာလအတွင်း ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိရန် သိသိသာသာ ကြိုးပမ်းအားထုတ်ခဲ့ကြောင်း သိရသည်။ လောရင့်စ်နှင့် ၎င်း၏အဖွဲ့ကို အလုံးစုံပံ့ပိုးမှုပေးရန်နှင့် စင်ကာပူနိုင်ငံအတွက် တောက်ပသည့်အနာဂတ် ဖန်တီးရန် ၎င်းတို့နှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် စင်ကာပူနိုင်ငံသားများအား လီရှန်လွန်းက တောင်းဆိုထားသည်။ လီရှန်လွန်းသည် ဝန်ကြီးချုပ်အဖြစ် အာဏာလွှဲပြောင်းပေးရန် ၎င်း၏ရည်ရွယ်ချက်ကို ပြီးခဲ့သည့် နှိုဝင်ဘာလကတည်းက ထုတ်ပြန်ကြေညာထားသည်။ **ဆင်ဟွာ**

## အီရန်က ထိန်းသိမ်းထားသော ကုန်တင်သင်္ဘောပေါ်မှ အိန္ဒိယအမှုထမ်းများနှင့် တွေ့ဆုံရန် အိန္ဒိယအာဏာပိုင်များကို ခွင့်ပြုမည်


**နယူးဒေလီ မေ ၁၅**

မကြာသေးမီက ဟော်မုဇ်ရေလက်ကြားအနီး အီရန်တပ်ဖွဲ့ ဖမ်းဆီးထိန်းသိမ်းထားသော အစ္စရေးနှင့် ဆက်စပ်နေသည့် ကုန်တင်သင်္ဘော တစ်စင်းပေါ်မှ အိန္ဒိယအမှုထမ်း ၁၇ ဦးနှင့် တွေ့ဆုံရန် အိန္ဒိယနိုင်ငံ အာဏာပိုင်များကို မကြာမီခွင့်ပြုသွားမည်ဟု နယူးဒေလီသို့ တီဟီရန်က သတင်းပေးပို့ခဲ့ကြောင်း သိရသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမီယာ - အက်ဒေါ်လီဟီအန်သည် မေ ၁၄ ရက် ညနေပိုင်းက အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျေရှန်ခါနှင့် ဖုန်းဖြင့်ပြောဆိုရာတွင် ယင်းသို့ မှတ်ချက်ပြုထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဖုန်းဖြင့်ပြောဆိုရာတွင် ဂျေရှန်ခါက သင်္ဘောပေါ်မှ အိန္ဒိယအမှုထမ်းများ၏ အခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်မိကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ အီရန်ဘက်ကို အကူအညီတောင်းခံထားကြောင်း၊ အိန္ဒိယအမှုထမ်းများ လွှတ်ပေးရန်နှင့် ဒေသတွင်း လက်ရှိအခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

**ဆင်ဟွာ**




အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျေရှန်ခါနှင့် ဖမ်းဆီးခံထားရသည့် ကုန်တင်သင်္ဘော။



## အီရန်နိုင်ငံအား အစ္စရေး၏မည်သည့်လက်တုံ့ပြန်တိုက်ခိုက်မှုမျိုးတွင်မဆို အမေရိကန်ပါဝင်မည် မဟုတ်ဟုဆို

**ဝါရှင်တန် မေ ၁၅**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့ အကြီးတန်း တာဝန်ရှိသူတစ်ဦးက အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နိုင်ငံအား အစ္စရေး၏ မည်သည့်လက်တုံ့ပြန်တိုက်ခိုက်မှုမျိုးတွင်မဆို ပါဝင်သွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အစ္စရေးသည် မိမိကိုယ်ကို ခုခံကာကွယ်ရန် လုပ်ဆောင်နေကြောင်း ၎င်းက မေ ၁၄ ရက်တွင် သတင်းထောက်များအား ပြောသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုက အစ္စရေး၏ ခုခံကာကွယ်ရေးတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း မေ ၁၃ ရက်က တယ်လီဖုန်းဆက်သွယ်ပြောကြားရာ၌ သမ္မတဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို ပြောကြားခဲ့ကြောင်း အဆိုပါ တာဝန်ရှိသူတစ်ဦးက ဆက်ပြောသည်။

သို့သော်လည်း ပဋိပက္ခဖြစ်ပွားမှု တင်းမာလာနိုင်သော အန္တရာယ်များကို လေးလေးနက်နက်နှင့် ဗျူဟာကျကျ စဉ်းစားသင့်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို ပြောကြားခဲ့ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ဒေသတွင်းရှိ အမေရိကန် တပ်လှန့်သတိပေး လေယာဉ်များသည် ဒရုန်း ၇၀ ကျော်ကို ပစ်ချနိုင်ခဲ့ကြောင်းနှင့် အမေရိကန်စစ်တပ်၏ ပက်ထရီယော့ လေကြောင်းရန် ကာကွယ်ရေးစနစ်က အစ္စရေးသို့ ဦးတည်လာသော ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ကြားဖြတ်ပစ်ချဟန့်တားနိုင်ခဲ့ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့ အကြီးတန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အစ္စရေးက ဂါဇာ၌ဖမ်းဆီးထားသည့် ပါလက်စတိုင်း ၁၅၀ ပြန်လွှတ်ပေး

**ဂါဇာ မေ ၁၅**

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့စဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းထားသည့် ပါလက်စတိုင်း ၁၅၀ ကို မေ ၁၅ ရက်တွင် ပြန်လွှတ်ပေးကြောင်း၊ ၎င်းတို့အား တောင်ပိုင်း ကီရန် ရှာလန်မှ တစ်ဆင့် ပြန်လွှတ်ပေးခဲ့ကြောင်း ဂါဇာရှိ နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ အထွေထွေအာဏာပိုင် အဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ရက်ပေါင်း ၅၀ ကျော်ကြာ ဖမ်းဆီးထိန်းသိမ်းထားပြီးနောက် ၎င်းတို့၏ လူနာတင်ယာဉ်မှ အမှုထမ်းများအနက် နှစ်ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း ပါလက်စတိုင်း လခြမ်းနီအသင်းက သီးခြားထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဂါဇာ ကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့က မြေပြင်စစ်ဆင်ရေးများ လုပ်ဆောင်နေစဉ်အတွင်း ရာနှင့်ချီသည့် ပါလက်စတိုင်းများကို ဖမ်းဆီးထားခဲ့ပြီး ၎င်းတို့အား လုံခြုံရေးတင်းကျပ်သည့် နေရာများသို့ လွှဲပြောင်းပို့ဆောင်ထားကြောင်း ပါလက်စတိုင်း လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများက ပြောကြားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံ တောင်ပိုင်း၌ အစ္စရေး ၁၂၀၀ ခန့် သေဆုံးပြီး ဓားစာခံ ၂၀၀ ခန့် ခေါ်ဆောင်ခဲ့သော ဟားမားစ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် ပြင်းထန်သည့် မြေပြင်ထိုးစစ်ဆင်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



အစ္စရေးက ပြန်လွှတ်ပေးသည့် ပါလက်စတိုင်းများကို တွေ့ရစဉ်။

## မက္ကဆီကို၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သုံးဦးသေဆုံး

**မက္ကဆီကိုစီးတီး မေ ၁၅**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတောင်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသဖြင့် သုံးဦးထက်မနည်းသေဆုံးကြောင်း ဒေသတွင်း အာဏာပိုင်များက မေ ၁၄ ရက်တွင် ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျပြီးနောက် အနီးရှိလူများ ထိခိုက်မှုမရှိကြောင်း မက္ကဆီကိုစီးတီး၏နိုင်ငံသားလုံခြုံရေး၏ အတွင်းဝန်များရုံးမှ အကြီးအကဲဖြစ်သူ ပက်ဘလိုဗက်ဇ်စီးရက်က လူမှုကွန်ရက်မီဒီယာတွင် ပြောကြားသည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှင့် ခရီးသည်နှစ်ဦးသေဆုံးကြောင်း ဒေသတွင်းအာဏာပိုင်များက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri- culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့(Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |




ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




ဧပြီလ၊ ၂၀၂၄ခုနှစ်

**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကို ဖွင့်ပါ**
**ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**




❖ *ကျောဖုံးမှ*

ယနေ့တွင်လည်း နံနက် ၈ နာရီမှစ၍ ရောက်ရှိနေကြသည့် ရေသဘင်ပွဲတော်ကို ဆင်နွှဲကြမည့် သင်္ကြန်ချစ်သူများအား ရန်ကုန်မြို့တော်ရေကစားမဏ္ဍပ်မှ ရေပိုက်များဖြင့် ပက်ဖျန်းကြိုဆိုခဲ့သည့်နည်းတူ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ၁၂ ဦးယိမ်း၊ ၁၆ ဦးယိမ်း၊ ၂၀ ဦးယိမ်း(အလွတ်တန်း)နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကယိမ်းတို့ဖြင့် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အားပါးတရ ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြရာ ပြည်သူများက တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ထို့အတူ ဖျော်ဖြေရေးကဏ္ဍတွင်လည်း ရုပ်ရှင်နှင့်ဂီတအစည်းအရုံးမှ အနုပညာ မောင်နှမများကလည်း သင်္ကြန်ချစ်သူများနှင့်အတူ စီးမျောလိုက်ပါလျက် အတာသင်္ကြန်သီချင်းများ၊ DJ သီချင်းများ၊ မြူးကြွလန်းဆန်းသွက်လက်စေသည့် တေးသီချင်းများဖြင့် အဆက်မပြတ်ဖျော်ဖြေခဲ့ရာ ဆူးလေလမ်းမကြီးတစ်လျှောက် ရေပက်ခံကားများ၊ ရေကစားကြသည့်ပြည်သူများ၊ တေးဂီတကို ကြည့်ရှုအားပေးကြသည့် ပြည်သူများဖြင့် စည်ကားခဲ့ပြီး တန်ခူးနွေအပူကို မေ့လျော့လျက် စိတ်လက်ပေါ့ပါးပျော်ရွှင်စွာဖြင့် အတာရေသဘင်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြသည်။

ညနေပိုင်းနှင့် ညပိုင်းတို့တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)တို့မှ အနုပညာမောင်နှမများက အနုပညာစွမ်းအားပူးပေါင်းအားဖြင့် ဖျော်ဖြေခဲ့ကြပြီး ရေသဘင်ပွဲတော်ကို စိတ်လက်ပေါ့ပါးစွာ ဆင်နွှဲကြသည့် ပြည်သူများက ည ၁၀ နာရီအထိ နှစ်ထောင်းအားရစွာဖြင့် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ-ဖွဲ့မာန်**



ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ အတာရေသဘင်ပွဲ ဆင်နွှဲကြသူများနှင့် စည်စည်ကားကားတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မဟာသင်္ကြန်အကြတ်နေ့တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများရှိ ရေကစားမဏ္ဍပ်များ၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး ကျွန်းကလေးကျေးရွာအုပ်စုရှိ ငမိုးရိပ်လက်ယာမြောင်း၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားသူများ၊ အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

အေးအေးနွဲ့(ပြန်/ဆက်)

◆*ကျောဖုံးမှ*

လေဗာကူဆင် အသင်းသည် ဘွန်ဒက်စ်လီဂါဖလားကို ၁၃ သင်းမြောက် ဆွတ်ခူးနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ၂၀၀၈-၂၀၀၉ ခုနှစ်က ဝုဖ်ဘတ်အသင်းနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံအသစ် ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။

လေဗာကူဆင် အသင်း၏ အောင်မြင်မှုက ဘွန်ဒက်စ်လီဂါဖလားကို ၁၁ နှစ်ဆက်တိုက် သိမ်းပိုက် ရယူထားနိုင်သော အသင်းကြီး ဘိုင်ယန်မြူးနစ်အသင်း၏ ကြီးစိုးလွှမ်းမိုးမှုကို အဆုံးသတ်စေခဲ့သည်။ လေဗာကူဆင်အသင်းသည် ယခုနှစ်ရာသီပြိုင်ပွဲအရပ်ရပ်တွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသော အသင်းဖြစ်ပြီး နည်းပြ အလွန်ဆို ပထမဆုံးရာသီပြည့် တာဝန်ယူကိုင်တွယ်မှုတွင် ဖလားသုံးလုံးဆွတ်ခူးရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီလည်း ဖြစ်သည်။

လေဗာကူဆင် အသင်းကို နည်းပြအလွန်ဆို စတင်တာဝန်ယူစဉ် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အသင်း၏ ရပ်တည်မှုမှာ တန်းဆင်းဇုန်အတွင်း ရှိနေကြောင်း သိရသည်။ သို့သော်လည်း ယင်းနောက် ၁၈ လအကြာတွင် နှစ်ပေါင်း ၁၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဘွန်ဒက်စ်လီဂါဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ရာသီပြိုင်ပွဲစုံ ၄၃ ပွဲတွင် ၃၈ ပွဲနိုင်ပြီး ငါးပွဲသရေကျထားကာ သွင်းဂိုး ၁၂၃ ဂိုးအထိ ရယူထားနိုင်ပြီး ပေးဂိုး ၃၁ ဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရကြောင်း သိရသည်။ ဘွန်ဒက်စ်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ဘိုင်ယန်မြူးနစ်အသင်းက ၅၃ ပွဲဖြင့်အရှည်ကြာဆုံးရှုံးပွဲမရှိ မှတ်တမ်းတင်ထားပြီး လေဗာကူဆင်အသင်းက ၂၉ ပွဲသာ ရှုံးပွဲမရှိ မှတ်တမ်းတင်ထားသေးသည်။ ဘွန်ဒက်စ်လီဂါသမိုင်းတစ်လျှောက်တွင် ဟမ်းဘာ့ဂ်အသင်းက (၁၉၈၂-၁၉၈၃) တွင် ၃၆ ပွဲဖြင့် ဒုတိယအရှည်ကြာဆုံးရှုံးပွဲမရှိ မှတ်တမ်းတင်ထားသည်။

ထို့အပြင် ဥရောပတွင် ဘင်ဖီကာအသင်းက (၁၉၆၃-၁၉၆၅) တွင် ၄၈ ပွဲဖြင့် အရှည်ကြာဆုံးရှုံးပွဲမရှိ မှတ်တမ်းတင်ထားသည်။ နည်းပြ အလွန်ဆို၏ လေဗာကူဆင်အသင်းက (၂၀၂၃- လက်ရှိအချိန်အထိ) ၄၃ ပွဲဖြင့် မှတ်တမ်းတင်ထားသည်။ **အောင်ဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကွပ်ကဲမှုအောက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တို့၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် သင်တန်းသား/ သူ အတွက် ဝတ်စုံများ ချုပ်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၄ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၂၀-၅-၂၀၂၄ရက်
(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းမည့်ရက်** - ၂၁-၅-၂၀၂၄ ရက် (၁၆:၃၀)နာရီ
(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကိုသိရှိလိုပါကရုံးအမှတ်(၁၇)၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-၀၆၇-၄၀၉၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ မန္တလေးတွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ(Lab Apparatus)၊ ရုံးသုံးစက် ပစ္စည်းများ၊ လျှပ်စစ်စက်ပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက် တရားဝင် အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၄-၂၀၂၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၅-၂၀၂၄ ရက် ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ်၊ မန္တလေး-ဖုန်း-၀၈၅-၄၇၄၀၂၆၅၊ ၀၉-၄၀၂၆၈၆၀၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက် အမှတ်(၇၆၀)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၈လမ်းနှင့် ၃၃လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူများဖြစ်သော ဦးအောင်စောသည် မိမိကိုယ်တိုင်နှင့် (ဒေါ်နုနုစော၏GPရရှိသူ ဦးအောင်စော)၊ ဦးလှစောသည် မိမိကိုယ်တိုင်နှင့် (ဒေါ်ရီရီစော၏GPရရှိသူ ဦးလှစော)၊ ဒေါ်ဖြူဖြူစောသည်မိမိကိုယ်တိုင်နှင့် (ဒေါ်မူမူစော၏GPရရှိသူ ဒေါ်ဖြူဖြူစော) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးဘောမ်လန်း ၁/မကန(နိုင်)၀၉၅၇၁၁၈၏(GPရရှိသူ ဒေါ်ခေါင်နော)က အမှုတွဲအမှတ် ၀၀၆၁/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)(ယခု) ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၆၉)၊ မြေဧရိယာ (၀ဒသမ၀၅၅) ဧကပေါ်ရှိ မြေကွက်/နေအိမ်/လျှပ်စစ်မီတာ အပါအဝင် လက်ရှိမြေပေါ်ရှိ အတိုင်းအတာမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ ကို ဦးဘီဂျေး ၉/ပဥလ(နိုင်)၀၁၉၆၉၀၊ ဦးကျော်ဌေး ၁၂/ကမတ(နိုင်)၀၀၃၆၈၅ တို့ထံမှ ဦးအောင်ဟိန်း ၁၃/နမတ(နိုင်)၀၄၅၀၁၂ က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့်ကျွန်ုပ်ထံသို့ဤကြော်ငြာ သည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ဟိန်း** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| ၁၃/နမတ(နိုင်) ၀၄၅၀၁၂ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |

အလိမ္မာ
စာမှာရှိ

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပန်းသီရိဒေါရပ်ကွက်နေ ဒေါ်ရှိစီ ငယ်ငယ်လေး၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၂၅၂၆၁၂

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇) ဘုရားကိုင်ကွင်း၊ ဦးပိုင် အမှတ်(၃၆၅)၊ မြေဧရိယာ သုည ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၂၂၄/၂၀၀၀-၂၀၀၁အရ ဒေါ်သန်းဝင်း အမည်ဖြင့် ရရှိခဲ့ပြီး ၁၉-၁၂-၂၀၂၃ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သန်းဝင်း ၆/မအရ(နိုင်)၀၃၁၁၄၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၄၁)၊၄၁x၄၂လမ်းကြား၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်မေသဇင်ဦး၏(SPရရှိသူဦးသန်းနိုင်စိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၄၅/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဟွေကြိမ် ၁၃/လရန(နိုင်)၀၆၀၃၁၆ က အမှုတွဲအမှတ် ၀၀၆၆/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စွယ်တော်ဘုရားလမ်း၊ တိုက်အမှတ် ၅၊ အခန်းအမှတ်၁၈နေ (ဘ) ဦးမျိုးမြင့်၏သမီး ဒေါ်သီတာမြင့် ၇/သဝတ(နိုင်)၀၈၅၅၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမြင့်နှင့် ဦးရဲဖြိုးလွင်တို့သည် ၇-၄-၂၀၂၄ရက်တွင် နှစ်ဖက်မိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းကို ၉-၄-၂၀၂၄ရက်ကထုတ်ဝေသည့် ကြေးမုံသတင်းစာ စာမျက်နှာ ၂၃တွင် အများသိစေရန် ကြေညာခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမြင့်သည် ဦးရဲဖြိုးလွင်နှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ထပ်မံကြေညာပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးနိုင်သူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၃၀)(၃၀-၁-၂၀၂၂)**
**အမှတ်(၁၁၀-ပထပ်)၊ ၁၃လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၇၈၅၀၇၈၁၉၁၊ ၀၉-၆၉၇၄၁၁၄၂၁**

## မန္တယ်နီလှသန်း (ခ) ကွလ်စွန်းဘီနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၂၆)နေ ကိုအောင်နိုင်ဦး(ခ)နေဇာမွတ္တိုးန် ၁၂/မဂတ(နိုင်)၀၉၃၆၉၃နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၂၂)နေ မန္တယ်နီလှသန်း (ခ) ကွလ်စွန်းဘီ ၁၂/မဂတ(နိုင်)၀၈၈၃၅၈တို့သည် ၁-၂-၂၀၁၂ရက်တွင် မဟာရဲရွှေ(၅)ကျပ်သား လက်ငင်းပေးဆောင်၍ အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီး သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်တမ်းအတွင်း ခင်ပွန်းဖြစ်သူသည် အိမ်ထောင်တာဝန်များကျေပွန်ခဲ့သော်လည်း ဇနီးဖြစ်သူ မန္တယ်နီလှသန်းမှ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပေးပါရန် သက်ဆိုင်ရာဘာသာရေးအဖွဲ့ချုပ်သို့ ၁၈-၅-၂၀၂၂ရက်တွင် လျှောက်ထားခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ကိုယ်စားလှယ် တာဝန်ပေးချက်အရ ၄-၆-၂၀၂၂ရက်တွင် ဆရာ(၅)ပါးတို့မှ လက်မှတ်ရေးထိုး၍ ဇနီးမယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းဖြစ်သော သွလာကေဗာအင်န် ချမှတ်ပေးခဲ့ပြီး ပညာရှင်များရှေ့မှောက်၌ မန္တယ်နီလှသန်းကိုယ်တိုင် လက်မှတ်ရေးထိုး၍ကာ အတည်ပြုလက်ခံ သဘောတူခဲ့သည့်အပြင် ၅-၆-၂၀၂၂ရက်တွင်လည်း အသိသက်သေနှစ်ဦးပါဝင်ကာ လက်မှတ်ရေးထိုးကာ ထပ်မံ သွလာကေဗာအင်န်ပေး၍ လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲပေးခဲ့ပြီးလည်းဖြစ်ပါသည်။ ကိုအောင်နိုင်ဦး(ခ)နေဇာမွတ္တိုးန် အနေဖြင့်လည်း ယင်းကဲ့သို့ သွလာက်ပေးကွာရှင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်း ဓမ္မသတ်ဌာနထံမှ ၉-၄-၂၀၂၄ရက်စွဲဖြင့် အစ္စလာမ့်တရားဥပဒေ ဖဿဝါဓမ္မသတ် ဆုံးဖြတ်ချက် ရယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါ ဓမ္မသတ်အရ လင်မယားအဖြစ်မှ အပြီးပြတ် အပြီးတိုင် ကွာရှင်းပြတ်စဲသွားပြီးဖြစ်၍ ကိုအောင်နိုင်ဦး(ခ)နေဇာမွတ္တိုးန်နှင့် မန္တယ်နီလှသန်း (ခ) ကွလ်စွန်းဘီ တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ကိုအောင်နိုင်ဦး(ခ)နေဇာမွတ္တိုးန်** | **ဦးမြတ်သန်းဦး** |
| **အမှတ်(၄၂၆)၊ သိမ်ဖြူလမ်း၊** | **{B.A(Eco:)H.G.P,D-A)1)}** |
| **ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **ရန်ကုန်မြို့။** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၃၅၄၂၉၀၀** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၃၀လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စန်းဝင်း၏(GPရရှိသူ ဦးဟံလင်းတင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၂၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇာဇာတင် ၉/တသန(နိုင်)၀၉၂၈၀၁ က အမှုတွဲအမှတ် ၀၀၄၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ်များ လေ့လှော်အသင်းသားဟောင်းများ အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားစာ

ရန်ကုန်တက္ကသိုလ်များ လေ့လှော်အသင်းသားဟောင်းများ အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၂၄)နှင့် အလုပ်အမှုဆောင် (၂၀၂၄-၂၀၂၆)ရွေးချယ်တင်မြှောက်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၁၉-၅-၂၀၂၄ရက် |
| **ကျင်းပမည့်အချိန်** | - | နံနက် (၁၀း၀၀) နာရီ |
| **ကျင်းပမည့်နေရာ** | - | ရန်ကုန်တက္ကသိုလ်များ လေ့လှော်အသင်း၊ အင်းယားကန် |

**မှတ်ချက်**
(က) အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံလိုသော အသင်းသားများသည် ရွေးကောက်ခံအဆိုပြုလွှာ ကို ဖြည့်စွက်၍ မေလ (၄)ရက်နေ့နောက်ဆုံးထား၍ အသင်း၏အသင်းတိုက်သို့ ပေးပို့ရမည်။
**ဆက်သွယ်ရန်**
**ဦးရဲမင်း (အတွင်းရေးမှူး YUBC – OMA)**
**ဖုန်း-၀၉-၅၁၈၆၇၄၃**
(ခ) စုပေါင်းဓာတ်ပုံရိုက်အစီအစဉ်
(ဂ) YUBC – OMA မှ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**YUBC–OMA**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈) တဖက္ကာကွင်း၊ ဦးပိုင်အမှတ်(၂၄၃)၊ မြေဧရိယာ သုည ဒသမ ၀၅၅ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၁/၂၀၀၅- ၂၀၀၆အရ ဦးထိန်လင်းဦး၊ ဒေါ်ခင်မိုးလှိုင်တို့အမည်ဖြင့်ရရှိခဲ့ပြီး ၂၇-၁၂-၂၀၁၀ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဦးထိန်လင်းဦး ၆/မအရ(နိုင်)၀၄၂၅၈၆၊ ဒေါ်ခင်မိုးလှိုင် ၆/မအရ(နိုင်) ၀၀၀၁၉၀တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၅၇)၊ ဦးပိုင်အမှတ် (၂-ခ)၊ ၄၁လမ်းမြောက်ဘက်၊ သင်္ဂဇာချောင်းပတ်လမ်းနှင့် ၈၉လမ်းကြားရှိ မောင်မြသောင်း(ခ)မောင်သောင်း၊ ဒေါ်စိန်စိန် အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်) ဦးသန်းမောင်၊ (မိခင်) ဒေါ်စိန်စိန်တို့ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၆၅၃/၂၀၁၈) ဖြင့် အမွေဆက်ခံခဲ့သည့် (ပူးတွဲအမည်ပေါက်သူနှင့် ကျန်ရစ်သူသား/သမီးများ ဖြစ်သော) ဒေါ်မြမြဝင်းက မိမိကိုယ်တိုင်နှင့် (ဦးမြသောင်း(ခ)ဦးသောင်း၊ ဦးခင်မောင်သောင်း၊ ဦးမြင့်လွင်၊ ဒေါ်ညွန့်ရီ၊ ဦးဝင်းမြင့်သန်းတို့၏ GPရရှိသူ ဒေါ်မြမြဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၉၉/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စိုးမိုး ၉/မနတ(နိုင်)၀၀၀၂၈၅ ကအမှုတွဲအမှတ် ၀၀၁၃/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁)၊ ဦးပိုင်အမှတ်(၁၅၉-က)၊ ၇၃လမ်း၊ မြဝတီမင်းကြီးနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မူယာ၏ (SPရရှိသူ ဒေါ်ရွှေစင်ငြိမ်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၆၈၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သိန်းသိန်းအေး ၉/ခအဇ(နိုင်)၀၀၀၄၁၈ကက အမှုတွဲအမှတ် ၀၀၄၂/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ၆၃အေလမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်ရီရီစိန် ၏( SPရရှိသူ ဦးသူရလွင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၈၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန္ဒာနေမျိုးအေး ၉/ခအဇ(နိုင်)၀၃၅၀၃၅က အမှုတွဲအမှတ် ၀၀၄၅/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ်(၉၇)၊ ၃၈လမ်း၊ ၆၄x၆၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးသန်း၏(SPရရှိသူဦးမင်းသူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၀၉/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီယင်ဟွေး ၁၃/ကလတ(နိုင်)၀၁၄၆၇၁ က အမှုတွဲအမှတ် ၀၀၆၇/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးကြည်လင်၏ သား ကိုကျော်သက်ဝင်း ၁၂/ဒဂမ(နိုင်)၀၃၀၀၅၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MF365300 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၂၀၅၄

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပန်းသီရိဒေါရပ်ကွက်နေ ဦးနျားရယ်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၃၁၈၀၅၀

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 32W/36443 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ခိုင် ၉/စကတ(နိုင်))၅၇၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/31707 ယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW CO.,LTD က (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/5697 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဝင်း ၉/ညဥန(နိုင်)၀၅၁၉၃၃ ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

**အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၇**

**အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ သဒ္ဒါ၊ စေတနာ၊ မေတ္တာတို့ဖြင့် ငွေအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနအလှူ စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပအလှူရှင်များနှင့် စေတနာဆရာဝန်ကြီးများအားလုံးတို့ မြန်မာသက္ကရာဇ်-၁၃၈၆ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

### ပတ်စ်ပို့ပျောက်

မောင်ဝေယံသင်း ၈/မလန(နိုင်)၀၈၅၁၈၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၁၅၀၁၁၄၃**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/2925 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

### ပတ်စ်ပို့ပျောက်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေမင်းဝံ ဗဟိုလမ်းနေ မောင်မင်းကိုနိုင်၏ နိုင်ငံကူးလက်မှတ် အမှတ်(MD-412879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၆၀၁၁၁၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၄၇၂၅၃ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းအေး ၆/ကသန(နိုင်)၀၂၃၅၅၄ က (ကမ-၃) ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါလျှင် ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့သောင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၄၆၆၈ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရီဇော် ၆/မအရ(နိုင်)၁၀၁၈၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၉၃)၊ ဦးပိုင်အမှတ် (၂၃-က)၊ ၂၈x၂၉လမ်းကြား၊ ၈၁x၈၂ လမ်းကြားရှိ ဒေါ်နာစီမွန်(ခ)ဒေါ်ခင်စီအမည်ပေါက် ဘိုးဘမြေကွက်အား (အဘိုး)ဦးလသစ်၊ (အဘွား)ဒေါ်ဆိုဖီယာ၊ (သမီး)ဒေါ်နာစီမွန်(ခ)ဒေါ်ခင်စီ၊ (မိခင်)ဒေါ်ဆာလီမွန်နီဆာ(ခ)ဒေါ်ခင်ရီ၊ ဦးအာမင်စလင်(ခ)ဦးခင်မောင်မြင့်တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၁၂၈/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သူများဖြစ်သော ဦးကိုကို၊ ဦးကျော်မင်းဦး၊ ဦးဇော်ထွန်းဦး၊ ဒေါ်ဇင်မာဦး၊ ဒေါ်ခင်မေလှိုင်၏(GPရရှိသူ ဦးကျော်လင်းဦး)၊ ဒေါ်ချိုသန္တာလင်းက မိမိကိုယ်တိုင်နှင့် ဦးကျော်လင်းထွန်း၏ (GP ရရှိသူ ဒေါ်ချိုသန္တာလင်း)၊ ဒေါ်ချိုစန္ဒာလင်းတို့(၉)ဦးအနက် ဦးကိုကိုပါ(၈)ဦးထံမှမှတ်ပုံတင်စွန့်လွှတ်စာချုပ် အမှတ် (၇၃၉/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးဇော်ထွန်းဦး ၉/ခအဇ(ပြု)၀၀၀၆၃၈ က အမှုတွဲအမှတ် ၀၀၁၀/ဘ/(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၃)၊ ဦးပိုင်အမှတ်(၃၅-ဃ)၊ ၇၁x၇၂လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဆွေ(ခ)ကျော်လွင်၏ (SPရရှိသူ ဦးရဲအောင်ထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၂၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိမ်းလဲ့မာ ၅/ကလတ(နိုင်)၁၀၆၀၆၀ က အမှုတွဲအမှတ် ၀၀၄၈/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ်(၅-ဍ)၊ ၅၆လမ်း၊ ၂၂x၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာသန့်၏ (SPရရှိသူ ဦးနိုင်ဝင်းထက်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်သန်းဌေး ၉/ခမစ(နိုင်)၀၁၃၆၅၉ က အမှုတွဲအမှတ် ၀၀၆၈/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ်(၅-ဌ)၊ ၅၆လမ်း၊ ၂၂x၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာသန့်၏ (SPရရှိသူ ဦးနိုင်ဝင်းထက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်သန်းဌေး ၉/ခမစ(နိုင်)၀၁၃၆၅၉ က အမှုတွဲအမှတ် ၀၀၆၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဧ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၀)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၀.Ax၆၀.Bကြား၊ ၁၃၂x၁၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့်၊ ဒေါ်စန္ဒာမျိုး တို့ ၏(SPရရှိသူ ဦးဘိုပိုင်သူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၃၀/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စောသွယ် ၉/မခန(နိုင်)၁၇၅၂၀၈ က အမှုတွဲအမှတ် ၀၀၄၇/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**

**အောင်မြေသာစံခရိုင်တရားရုံးတော်**

**၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၀**

**ကွယ်လွန်သူ ဦးတင်ရ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးတင်ရ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရီမက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်ရ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ရီမ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ်-(၃၇) ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ် (၄၁၇)၊ မြေဧရိယာ သုည ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၄၄/၂၀၀၂-၂၀၀၃ အရ ဒေါ်စောရီ အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်စန်းဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၃/၂၀၂၃)ဖြင့် ဦးငြိမ်းချမ်းမြင့်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးငြိမ်းချမ်းမြင့် ၆/မမန(နိုင်)၂၃၁၆၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၁၀၆၀)၊ မြေဧရိယာ သုည ဒသမ ၀၅၅ဧကအား မြေငှား ဂရန်အမှုတွဲအမှတ် ၁၅/၂၀၁၂-၂၀၁၃ အရ ဦးမြင့်ကျော် အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄၅/၂၀၂၃)ဖြင့် ဦးကိုကိုနိုင်၊ ဒေါ်အေးအေးသီတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကိုကိုနိုင် ၆/ပလန(နိုင်)၀၃၃၈၃၁၊ ဒေါ်အေးအေးသီ ၆/မအရ(နိုင်)၀၈၄၀၀၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

